ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၉ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 23 August 2023 ၁၁၁၉ဖ

ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏

လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဌ်ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် (ဓမ္မပဒ- ၃၃၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံးအဆင့်ထိ ရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရမည်

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမည်

နေပြည်တော် သြဂုတ် ၂၂

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန်ကြေညာ

စာမျက်နှာ » ၉

ဗလငါးတန်ပညာမာန်ဖြင့် အနာဂတ်ပဲ့ကိုင်ရှင်များ ဖြစ်ပါစေ ...

ဆောင်းပါး စာမျက်နှာ » ၁၁

ဟွန်မာနက်အား ဝန်ကြီးချုပ်အဖြစ် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော် အတည်ပြုခန့်အပ်

စာမျက်နှာ » ၁၃

ကြေးမုံ

သဘာဝစွမ်းအင်ဖြင့် လူမှုစီးပွားမြှင့်တင်

မျက်မှောက်ကာလ၌ ပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် အဓိကလိုအပ်သည့် သွင်းအားစုကြီးမှာ လျှပ်စစ်စွမ်းအင်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝအဆင်ပြေစေရေး၊ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေးအတွက် လျှပ်စစ်စွမ်းအား အပြည့်အဝရရှိရေးမှာ အရေးကြီးသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအားများ တိုးတက်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် နိုင်ငံ၏ သဘာဝအရင်းအမြစ်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့တို့ကိုအသုံးပြု၍ နိုင်ငံတော်ဓာတ်အားပေးစနစ် မဟာဓာတ်အားလိုင်းများမှတစ်ဆင့် ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် လျော့နည်းကျဆင်းရေး၊ ကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် လိုအပ်ချက်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးတို့ကြောင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝမပေးနိုင်သေးဘဲ ၅၀ ရာခိုင်နှုန်းခန့်သာ ပေးနိုင်သေးသည်။ ထို့ကြောင့် အခြားသဘာဝနည်းလမ်းများဖြစ်သည့် နေရောင်ခြည်သုံး၊ လေအားသုံး၊ စပါးခွံလောင်စာသုံး စွမ်းအင်ရရှိရေးတို့ကို အားပေးမြှင့်တင်ဆောင်ရွက်နေသည်။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပေါများစွာရရှိနေသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းများဖြစ်သော စပါးခွံကိုအသုံးပြု၍ တစ်နိုင်တစ်ပိုင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်သွားခြင်းသည် အထူးသင့်လျော်ပေသည်။ အထူးသဖြင့် စပါးအထွက်များသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စပါးခွံဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကို ဒေသဆိုင်ရာအစိုးရများက ဒေသတွင်းရှိ လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ အကောင်အထည်ဖော်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရန်အတွက် ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်တွင် ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာရေးကို အကောင်အထည်ဖော်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှု မြှင့်တင်ရာတွင် သွင်းအားစုကြီးဖြစ်သည့် လျှပ်စစ်စွမ်းအင်သည် အဓိကလိုအပ်ချက်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာအောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် စပါးခွံလောင်စာသုံး Gasifier လုပ်ငန်းများ လည်ပတ်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ခြင်း၊ MSME လုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ခြင်း၊ လောင်စာအတွက် ကုန်ကျစရိတ်နည်းပါးခြင်း၊ ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ ဘေးထွက်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခြင်း၊ ဒေသတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ပြည်တွင်း၌ အသုံးပြုနေသည့် Gasifier များကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာများရရှိရေး စက်မှုပညာရှင်၊ ဓာတုဗေဒပညာရှင်နှင့် လျှပ်စစ်ပညာရှင်များပေါင်းစပ်၍ ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ စပါးခွံလောင်စာသုံး Gasifier စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသဆိုင်ရာအစိုးရများက အားပေးကူညီဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် မြန်မာ Gasifier လုပ်ငန်းအုပ်စုများကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတုအင်ဂျင်နီယာ လုပ်ငန်းအဖွဲ့များက Gasifier အသုံးပြုသည့် စက်ရုံ၊ အလုပ်ရုံများအတွက် နည်းပညာဆိုင်ရာအကူအညီများ ပံ့ပိုးပေးသွားမည်ဟု သိရသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့်ဆက်နွယ်ပြီး MSME လုပ်ငန်းရှင်များက စပါးခွံလောင်စာသုံး အသေးစား၊ အလတ်စားစက်ရုံများ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပေါများကြွယ်ဝသည့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်း စပါးခွံများကိုအသုံးပြု၍ Gasifier လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးကို ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးညာဏ်ထွန်း အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

ပင်လောင်းမြို့နယ်၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

ပင်လောင်း သြဂုတ် ၂၂

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းပုလင်းကျေးရွာအုပ်စု သစ်ပင်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

ဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်မေမိုးထိုက်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သစ်ပင်မဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၈၉ ဦး အား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

။။။

ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ကျိုက်ထို သြဂုတ် ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် အင်းဝကျေးရွာကုန်ထုတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း (၃၀၀၀'x၁၂'x ၆") လုပ်ငန်းခွင်သို့ ကျိုက်ထိုခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က သြဂုတ် ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။ ထိုသို့စစ်ဆေးရာတွင် ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန် ကြိုးကြပ်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၈ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၃၀၀	၉,၃၀၀	၃၉၃	၃,၆၅၄,၉၀၀
MTSH	၃,၂၅၀	၃,၂၀၀	၄,၅၅၂	၁၄,၇၁၄,၂၅၀
MCB	၈,၀၀၀	၈,၀၀၀	၃၉	၃၁၂,၀၀၀
FPB	၁,၆၅၀	၁,၇၀၀	၂,၀၆၉	၃,၄၁၄,၅၅၀
TMH	၂,၄၅၀	၂,၄၅၀	၁၀	၂၄,၅၀၀
EFR	၂,၃၀၀	၂,၃၀၀	၁,၅၀၀	၃,၄၅၀,၀၀၀
AMATA	၄,၉၀၀	၄,၉၀၀	၂	၉,၈၀၀
MAEX	၁,၉၅၀	၂,၀၀၀	၁၃,၈၂၂	၂၇,၅၅၀,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အင်ယတန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
		သတင်းထောက်များ	ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖဂ-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖဂ-၃ဖ၁၂၈၊ ၀ဖဂ-၃ဖ၁၃၀၊ ဖက်စ် ၀ဖဂ-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၄ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

❖ ၂၀၂၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ကိုယ့်အားကိုယ်ကိုးစနစ်နှင့် နိုင်ငံတော်ဘတ်ဂျက်နှင့် မိမိတို့အစိုးရဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ယခင်သန်းခေါင်စာရင်းများကဲ့သို့ တိကျခိုင်မာပြီး အရည်အသွေးကောင်းမွန်ပြည့်စုံအောင် ဝိုင်းဝန်းဆောင်ရွက်ရမည်

❖ ထို့သို့ဆောင်ရွက်နိုင်ခြင်းသည် မိမိတို့နိုင်ငံ၏ စိန်ခေါ်မှုများကြားက အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်

❖ ရှေ့ဖုံးမှ

ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် သန်းခေါင်စာရင်းအကြောင်း၊ သန်းခေါင်စာရင်း၏ဝိသေသလက္ခဏာများ၊ မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ၏ သမိုင်းကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ ၂၀၂၄ ခုနှစ်တွင် ထပ်မံကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်နေသည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက် ၁၉ ချက် ချမှတ်ကာ On Going ဆောင်ရွက်ဆဲ ၅ ချက်ရှိပြီး ၁၄ ချက်မှာ ဆောင်ရွက်ပြီးဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းတစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၅/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

အလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်

မိမိတို့ ကော်မရှင်အနေဖြင့် အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ဦးဆောင်မှုပေးနိုင်ရေး၊ တာဝန်ရှိသည့် အဖွဲ့အစည်းက တင်ပြလာသည့်အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို အတည်ပြုနိုင်ရေး၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ သန်းခေါင်စာရင်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းနိုင်ရေးနှင့် ကောက်ယူသွားရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး အောင်မြင်စွာ ကောက်ယူနိုင်ရန်နှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရန် စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မြို့နယ် ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ တွင် ပဏာမ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်နေသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း

❖ သန်းခေါင်စာရင်း ကောက်ယူသည့်အခါတွင်လည်း အချက်အလက်များမှန်ကန်ပြီး အရည်အသွေးကောင်းမွန်စေရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ဖြစ်စေရန်၊ နိုင်ငံ့အတွက်လိုအပ်သည့် ညွှန်ကိန်းများ၊ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ဖြည့်ဆည်းရရှိရန် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းသည် အားလုံးနှင့်သက်ဆိုင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာအပါအဝင် သန်းခေါင်စာရင်းလုပ်ငန်းကို အထောက်အပံ့ဖြစ်စေမည့် ရင်းမြစ်များကို အကျိုးရှိရှိ မျှဝေသုံးစွဲကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

❖ သန်းခေါင်စာရင်းသည် အားလုံးနှင့်သက်ဆိုင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာအပါအဝင် သန်းခေါင်စာရင်းလုပ်ငန်းကို အထောက်အပံ့ဖြစ်စေမည့် ရင်းမြစ်များကို အကျိုးရှိရှိ မျှဝေသုံးစွဲကြရန် အလေးအနက်ထား ဆောင်ရွက်ရမည်

သန်းခေါင်စာရင်းအောင်မြင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်သစ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များကို သန်းခေါင်စာရင်းအကြောင်းနှင့်ပတ်သက်၍ အကျဉ်းချုပ် ဦးစွာ ပြောကြားလိုကြောင်း။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်းအတွေ့အကြုံများအရ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ကုန်ကျစရိတ်ကြီးမားခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် ၁၀ နှစ်လျှင် တစ်ကြိမ်သာ လူဦးရေသန်းခေါင်စာရင်းများ ကောက်ယူလေ့ရှိကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း မဖြစ်မနေကောက်ယူရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေး အခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံး အဆင့်ထိ ရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေ

လိုကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်းကြားဖြတ် လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့သည့် အတွေ့အကြုံများစွာ ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါတွင်လည်း ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်အချိန်ဇယားအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု

ယခင်သန်းခေါင်စာရင်းများကောက်ယူခဲ့စဉ်က နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ငွေကြေးဆိုင်ရာအထောက်အပံ့များကိုရယူဆောင်ရွက်ခဲ့သော်လည်း ယခုဆောင်ရွက်မည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုကို နိုင်ငံအတွင်းတွင် ရှိသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ စွမ်းအား၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့်ပင် အဓိက ဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်သည့် ဘဏ္ဍာငွေများကိုလည်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သန်းခေါင်စာရင်း ကောက်ယူသည့်အခါတွင်လည်း အချက်အလက်များမှန်ကန်ပြီး အရည်အသွေးကောင်းမွန်စေရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ဖြစ်စေရန်၊ နိုင်ငံ့အတွက်လိုအပ်သည့် ညွှန်ကိန်းများ၊ လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ဖြည့်ဆည်းရရှိရန် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းသည် အားလုံးနှင့်သက်ဆိုင်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက နည်းပညာအပါအဝင် သန်းခေါင်စာရင်းလုပ်ငန်းကို အထောက်အပံ့ဖြစ်စေမည့် ရင်းမြစ်များကို အကျိုးရှိရှိ မျှဝေသုံးစွဲကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် အချိန်၊ ငွေကြေးနှင့် လူအင်အားအပါအဝင် အရင်းအမြစ်ပေါင်းများစွာကို ရင်းနှီးစိုက်ထုတ်ထားရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်အတွက် အသုံးဝင်သည့် အချက်အလက်များဖြစ်သည့်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တစ်ခုလုံး ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် လုံခြုံရေး ပိုင်းဆိုင်ရာကအစ အခြားမမျှော်မှန်းနိုင်သည့် အခက်အခဲများလည်း ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ တွေ့ကြုံလာနိုင်သည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပြီး အောင်မြင်အောင် ဖြေရှင်းဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံအတွင်း နေထိုင်သည့် လူအားလုံးနှင့် သက်ဆိုင်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်း၏ အကျိုးရလဒ်များသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ မှန်မှန်မှန်ကန်ကန် ဖြေဆိုမှသာ အချက်အလက်များ၏ အရည်အသွေးကောင်းမွန်မည်ဖြစ်သည်ကို အများပြည်သူ သိရှိနားလည်ရန် မီဒီယာကဏ္ဍသည်လည်း အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းအကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးရေးနှင့် လှုံ့ဆော်ရေးသီချင်းများ၊ ဆောင်းပါးများ၊ ဗီဒီယို Clip များ ထုတ်လွှင့်ပြသနိုင်ရေးကို သတင်းဌာနများအပြင် Social Media များကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ကိုယ့်အားကိုယ်ကိုးစနစ်၊ နိုင်ငံတော်ဘတ်ဂျက်နှင့် မိမိတို့အစိုးရဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ယခင်သန်းခေါင်စာရင်းများကဲ့သို့ တိကျခိုင်မာပြီး အရည်အသွေးကောင်းမွန်ပြည့်စုံအောင် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့သို့ဆောင်ရွက်နိုင်ခြင်းသည် မိမိတို့နိုင်ငံ၏ စိန်ခေါ်မှုများကြားက အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပင်မစမ်းသပ်သန်းခေါင်စာရင်း မကောက်ယူမီ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများဖွဲ့စည်းနိုင်ရေး ဆောင်ရွက်နေမှု၊ သန်းခေါင်းစာရင်း ကောက်ယူခြင်းအတွက် သင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှု၊ သန်းခေါင်စာရင်းအကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်နေမှု၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေတို့ကို အကျယ်တဝံ့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူးများနှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးအကြံပြုတင်ပြကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံတွေ့ဆုံ

နေပြည်တော် သြဂုတ် ၂၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကဏ္ဍတွင် IOM မှ မြန်မာပြည်သူများအတွက် အကူအညီပေးအပ်မှုများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် IOM ဘက်မှ စီမံကိန်းမန်နေဂျာ Mr. Euan McDougall တို့ တက်ရောက်ကြသည်။

သတင်းစဉ်

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် သြဂုတ် ၂၂

သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) အား အပြီးသတ်စိစစ်လေ့လာ ဆွေးနွေးကြပြီး လတ်တလော ပြဋ္ဌာန်းရန် သင့်၊ မသင့် နှင့်စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်းရာတွင် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေ တွင် လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရန် လိုအပ်ချက်များကို ဖြည့်စွက်ရန် လိုအပ်ကြောင်း တွေ့ရသဖြင့် ပြင်ဆင်သည့် ဥပဒေကို လတ်တလော ပြဋ္ဌာန်းသင့်ကြောင်း နှင့် ပြင်ဆင်လိုသည့် ပုဒ်မများကို အပြီးသတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မာန်အောင်မြို့နယ်၌ ဓာတ်မြေသြဇာစုပေါင်းပက်ကြဲ

မာန်အောင် သြဂုတ် ၂၂

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ခအုန်းမော်ရွာသစ်ကျေးရွာနေ တောင်သူဦးမောင်သိန်း၏ လယ်ကွက်တွင် RS to CS မျိုးစေ့ထုတ်ဆင်းသုခစပါးစိုက်ခင်း ငါးဂေကအားဓာတ်မြေသြဇာ စုပေါင်းပက်ကြခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ ဓာတ်မြေသြဇာပက်ကြရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းစောက တောင်သူများအား ဘိုကာရှီသဘာဝမြေဆွေးနှင့် ဓာတ်မြေသြဇာ ရောစပ်အသုံးပြုခြင်းဖြင့် တောင်သူများ ကုန်ကျစရိတ်သက်သာပြီး သီးနှံအထွက်နှုန်းများများရရှိမည်ဖြစ်ကြောင်းနှင့် ရောစပ်နည်းကို သရုပ်ပြဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများက မျိုးစေ့ထုတ်စပါးစိုက်ခင်းများကို ဓာတ်မြေသြဇာများ စုပေါင်းပက်ကြကြသည်။

အဆိုပါ ဓာတ်မြေသြဇာ စုပေါင်းပက်ကြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးမှူး ဦးမင်းဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍစကားဝိုင်း ကျင်းပ

နေပြည်တော် သြဂုတ် ၂၂

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍစကားဝိုင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

စကားဝိုင်းသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်၊ ကော်မရှင်ရုံး၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စကားဝိုင်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်လိုသည့် လူမှုအဖွဲ့အစည်းဖြစ်တည်လာစေရန် လူငယ်ကဏ္ဍအသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ကောင်းမွန်သော လူမှုတန်ဖိုးများကို အလေးထားရန်၊ အများအကျိုး သယ်ပိုးဆောင်ရွက်တတ်စေရန်၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်စေရန်၊ အကောင်း/အဆိုး ခွဲခြားသိမြင်တတ်စေရန်၊ မှန်ကန်သည့် အတွေးအခေါ်များဖြင့် လူ့အဖွဲ့အစည်းကို ဦးဆောင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် လူငယ်စကားဝိုင်းမှ ရရှိလာသည့် အသိအမြင် ဗဟုသုတများအား မိမိပတ်ဝန်းကျင်ကို မျှဝေပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး Speaker များ အဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့ပြင် မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၌လည်း ကော်မရှင်ရုံးခွဲ(မော်လမြိုင်)မှ အရာထမ်းများက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာများနှင့် ပညာပေး (Edutainment) အစီအစဉ်ပါ အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဟိုပုံးမြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ဟိုပုံး သြဂုတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျောက်တန်းခေတ်မီစံပြကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်းနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို လှည့်ပတ်ကြည့်ရှုခဲ့ကြသည်။ အဆိုပါသင်တန်းကို သြဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သီတဂူဆရာတော်ကြီးထံ သွားရောက်ဖူးမြော်ကြည်ညိုရှိ သြဝါဒခံယူ

စစ်ကိုင်း သြဂုတ် ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီရိပ်သာ၌ နိုင်ငံတော်သြဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္မာဘုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိသဿရအား သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သြဝါဒခံယူသည်။

ထိုသို့ ဖူးမြော်ကြည်ညိုစဉ် သီတဂူဆရာတော်ကြီးက ကမ္ဘာတွင် ထေရဝါဒဗုဒ္ဓဘာသာ၏ ဗဟိုချက်မ ဖြစ်စေရန်၊ မြန်မာနိုင်ငံတွင် World Buddhist Conference ကမ္ဘာ့ ဗုဒ္ဓညီလာခံကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ သာသနာနှစ် ၂၄၁၅ ခုနှစ်၊ မင်းတုန်းမင်းလက်ထက်တွင် ပဋ္ဌမသင်္ဂါယနာတင်နိုင်ခဲ့ပြီး ကျောက်စာချပ်ရေ ၇၂၉ ချပ်ဖြင့် ကမ္ဘာတည်သရွေ့ မပျက်ပြယ်သည့် ကျောက်ထက်အက္ခရာတင်နိုင်ခဲ့ပါကြောင်း၊ သာသနာတော်နှစ် ၂၄၉၈ ခုနှစ် သမ္မတဦးဘဦးနှင့် ဝန်ကြီးချုပ်ဦးနုလက်ထက်တွင် ဘုရားဟော ဝိဋ္ဌကတ်တော်များကို ပုံနှိပ်မှတ်တမ်းတင်၍ ဆဋ္ဌသင်္ဂါယနာ တင်နိုင်ခဲ့ကြောင်း၊ သာသနာနှစ် ၂၅၆၇ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လက်ထက်တွင် ဝိဋ္ဌကတ်သုံးပုံ ဆဋ္ဌသင်္ဂါယနာမူ ပါဠိတော်ကို ပါဠိ-ရိုမန် နှစ်ဘာသာရေးထိုး၍ ကျောက်စာချပ်ရေ ၇၂၀ ဖြင့် ကမ္ဘာတည်သရွေ့ မပျက်စီးနိုင်သော ကျောက်ထက်အက္ခရာတင်နိုင်ခဲ့သည့် ကမ္ဘာ့သမိုင်း မှတ်တမ်းထူနိုင်ခဲ့ကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို Preservation, Promotion, Propagation တည်တံ့၊ မြှင့်တင်၊ ပြန့်ပွားအောင် စသည့် အချက်(၃) ချက်နှင့် အညီ ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း မိန့်ကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သီတဂူဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီရိပ်သာအတွင်းရှိ အဘိဓေစေတီတော်အတွင်း တည်ထားကိုးကွယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူကျောက်ဆင်းတုတော်များ၊ ပြည်ပနိုင်ငံအသီးသီးမှ စေတီပုထိုးပုံစံများအတိုင်း တည်ထားပူဇော်ထားသော စေတီပုထိုးများ၊ စစ်ကိုင်းရာဇမဏိ စူဠာကောင်းမှုတော်ဘုရားနှင့် မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးတို့အား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လျှုဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများ အနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ကျောက်မဲမြို့နယ် ပကာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပကာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ဇောတိကာရုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သံဃာတော် ၄၆ ပါးနှင့် ဒေသခံပြည်သူ ၂၇ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မြစ်ကြီးနားမြို့၌ GW-11 စပါးမျိုး စိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု

မြစ်ကြီးနား သြဂုတ် ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပမ္ဘတီးရပ်ကွက် အနောက်မြောက်ကွင်းရှိ ငါးအိုး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသား ဦးချစ်ရွှေ၏ ဦးပိုင်အမှတ် (၅၅/၄) တွင် GW-11 စပါးမျိုး စိုက်ပျိုးနေမှုကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု အားပေးခဲ့သည်။

စပါးအထွက်နှုန်းကောင်း၍ တောင်သူများ ဝင်ငွေတိုးပွားရရှိရေး ထွန်ရေး/ထယ်ရေးကို ကိုးစပ်တိတိ ထွန်ယက်ပြီး တစ်ဧကလျှင် ကောက်ကွက် ၁၅၀၀၀၀ အထိ စိုက်ပျိုး၍ ၁၃ တန်း တစ်တန်းလုပ်နည်းစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးနေမှုများကို မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ငါးသိုင်းချောင်းမြို့၌ ရေဘေးကာကွယ်ရေး သရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနား ကျင်းပ

ငါးသိုင်းချောင်း သြဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ မိုးရာသီကာလ မြစ်ရေကြီးမှုများ ဖြစ်ပေါ်လာပါက တာတမံများထိန်းသိမ်း စောင့်ရှောက်ရန်နှင့် တာတမံပျက်စီးနိုင်သော အချက်များကို ဒေသခံပြည်သူများ သိရှိလိုက်နာစေရန်အတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗောမိကုန်းရေကင်းစခန်းအနီး၌ ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အဖွင့်အမှာစကာ ပြောကြားပြီး ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော်က ရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် တာတမံများ၏ အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်အရ လွှင့်ထုတ်ရမည့် သတိပေးအချက်ပြအလံများကို ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး

များအားပေးအပ်ခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိက တာတမံများ၏ အရေးပေါ်အခြေအနေ ဖြစ်သော တာထိပ်ရေကျော်ခြင်း ၊ ရေပေါက်၊ တာအိ ၊ သဲဗွက်ထ တာကျွံခြင်းများ ဖြစ်ပေါ်လာပါက ကာကွယ်ရန်နည်းလမ်းများကို လက်တွေ့သရုပ်ပြခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

မာရဝိဇယမြတ်ဗုဒ္ဓ သက္ကာယချီရှိဦးခိုက် ကြည်ညိုဖွယ်ပ ဆင်ယင်ကြ ဗုဒ္ဓအနုပညာသိုက်

တက္ကသိုလ်မြတ်သူ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် စကျင်ကျောက်တုံးကြီးကို ကုန်းလမ်းမှ အဆင့်ဆင့်ပင့်ဆောင်လာစဉ်။

(ယမန်နေ့မှအဆက်)

မြန်မာရှေးဘုရင်များ၊ ခေတ်သစ်အစိုးရ အကြီးအက၊ နိုင်ငံ့ခေါင်းဆောင်များသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အပြင် နိုင်ငံတော်၏ လူဦးရေအများစုကြီး ကိုးကွယ်သဖြင့် ဝိသေသ ထူးလှသော ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ရန် နိုင်ငံအစိုးရတိုင်းတွင် တာဝန်ရှိသည့်အားလျော်စွာ မိုးဒဏ်၊ နေဒဏ်၊ လေဒဏ် (မုန်တိုင်းဒဏ်)၊ မြေငလျင်ဒဏ် စသည့်သဘာဝဘေးနှင့်ကြုံ၍ ဘုရားပုထိုးစေတီတော်များ ပြိုဆင်း၊ ယိုယွင်းသည့်အခါတိုင်း ပြုပြင်တည်ထားပေးခဲ့သည်သာဖြစ်သည်။

ငလျင်ဒဏ်ကြောင့် ပုဂံဘုရားများ ပျက်စီးယိုယွင်းမှုများစွာဖြစ်ပေါ်

၁၉၇၅ ခုနှစ် ဧပြီလုံးလက ငလျင်ဒဏ်ကြောင့် ပုဂံဘုရားများ ပျက်စီးယိုယွင်းမှုများစွာဖြစ်ပေါ်ခဲ့ရာ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီအစိုးရအကြီးအက ဗိုလ်ချုပ်ကြီးနေဝင်း၏ ဦးဆောင်မှုဖြင့် ပုဂံ-ညောင်ဦးမှ ဘုရားစေတီများ သာမက ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းအတွင်းမှ သာသနိကအဆောက်အအုံ ပုထိုးစေတီများပြုပြင်ခဲ့သည်။ မြန်မာတိုင်းရင်းသားစုံ ဗုဒ္ဓဘာသာဝင်ပြည်သူများကလည်း စေတနာသဒ္ဓါတရားထက်သန်စွာ လှူခဲ့တန်းခဲ့ကြသည်။ ရွှေတိဂုံစေတီတော် ပိန္နဲတိုင်ကောက်သွားပြီး ထီးတော်ခေါင်းငိုက်သွားသည်ကိုလည်း ထီးတော်ချ၊ ပိန္နဲတိုင်အသစ်လဲကာ ပြန်လည်ထီးတင်ပူဇော်ခဲ့ပေသည်။

တပ်မတော်အစိုးရ (နဝတ၊ နယက) လက်ထက်တွင်လည်း ပုဂံဘုရားများအပါအဝင် သဘာဝဘေးဒဏ်ခံ စေတီပုထိုးများစွာပြုပြင်ခဲ့ရသည်။ မင်းတုန်းမင်းကြီး တင်လှူခဲ့သော ရွှေတိဂုံထီးတော်သစ်သည် ဥဏ္ဏတော် ၃၃ ပေ ၆ လက်မရှိပြီး ရွှေသား ၂၀၂၂၉ ကျပ် ၉ မူးသား၊ ကျောက်မျက်ရတနာ ၃၆၄၁၁ လုံးစီခြယ်ထားကာ ကောဇာသက္ကရာဇ် ၁၂၃၃ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်နေ့မှစတင်၍ တင်လှူခဲ့ရာ နတ်တော်လဆန်း ၁၂ ရက်နေ့တွင် ထီးတော်အလုံးစုံတင်လှူပြီးစီးခဲ့သည်။

မင်းတုန်းမင်းကြီးတင်လှူသော ရွှေထီးတော်သည် ၁၉၁၉ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့၊ ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့နှင့် ၉ ရက်နေ့၊ ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တို့တွင် ငလျင်ဒဏ်ကြောင့် ထီးတော်အပျက်အစီးရှိခဲ့ရာ အစိုးရနှင့် ပြည်သူတို့ စုပေါင်းလှူဒါန်းပြုပြင်ခဲ့ရသည်။ ၁၉၃၈-၉၉ ခုနှစ်တွင် ထီးတော်သက်တမ်း ၁၂၈ နှစ်ရှိလာခဲ့ပြီး ကာလရှည်ကြာမှုကြောင့် ထီးတော်တွင် ယိုယွင်းမှုများ၊ ကြံ့ခိုင်မှုအားနည်းခြင်းများရှိလာခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအမှူးပြုသော အစိုးရအဖွဲ့သည် ထီးတော်သစ်ကို ခေတ်မီနည်းပညာ ပိုမိုခိုင်ခံ့သော ပစ္စည်းပစ္စယများဖြင့် တင်လှူရန် သြဝါဒါစရိယဆရာတော်ကြီးများ၏သြဝါဒခံယူပြီး ကျွမ်းကျင်သူပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းကာ ရွှေထီးတော်သစ်တင်လှူရန် အတွင်းရေးမှူး (၁) ဦးဆောင်သောလုပ်ငန်းအဖွဲ့ကကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မင်းတုန်းမင်းကြီး၏ထီးတော်ကို ပြန်ချကာ ထီးတော်စေတီ ရွှေတိဂုံရင်ပြင်တော်မှာပင် တည်ထားလျက် ရွှေထီးတော်သစ်၊ ပိန္နဲတိုင်သစ်များကို အကောင်းဆုံးတည်ဆောက်တင်လှူခဲ့သည်။ ထိုစဉ်က ဘုရားဖူးလာသော တိုင်းရင်းသားပြည်သူများက မိမိတို့ဝတ်ဆင်လာသည့် နားတောင်း၊ နားကပ်၊ နားဆွဲ၊ လက်ကောက်၊ လက်စွပ်၊ ဆွဲကြိုး၊ ရွှေဘီး၊ ဆံထိုးများ ဖြုတ်လှူကြရာ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်း စုစုပေါင်း အခု ၈၃၈၅၀ ဖြစ်သည်။ ၃၁-၃-၉၉ ရက်နေ့အထိ လှူကြသော အလှူငွေ ပေါင်းမှာ ကျပ် ၅၅၆၅ သိန်းကျော်၊ ရွှေပိသာ ၆၉ ပိသာ ၄၀ ကျပ်သား၊ ရွှေတိဂုံဂေါပကအဖွဲ့သို့ လှူငွေမှာ ကျပ် ၁၆၅၉ သိန်း ကျော်နှင့် ရွှေငွေရတနာ တန်ဖိုးကျပ် ၇၃၄၈ သိန်းကျော် ရသည်။ ပန်းလည်တိုင်တွင် ရုပ်ပွားတော်တစ်ဆူ ကပ်လှူရန် မုဒြာလေးမျိုးဖြင့် ဘုရားလေးဆူပါ ရွှေခွေပေါင်း ၄၅ ခွေ (ရွှေချိန်အားဖြင့် ၁၂ ပိသာ ၅၅ ကျပ်သား) ဇွန်းလေးဘုံ၊ ဆပ်သွားဖူးနှင့် ရွှေထီးတော်ကြီး အတွက် ကပ်လှူသောရွှေချိန်မှာ ၂၃၆ ပိသာ ၉၅ ကျပ်သား၊ ရွှေညောင်ရွက်များ တင်လှူပူဇော်ရာ ရွှေချိန် ၂ ပိသာ ၈၈ ကျပ်သား၊ ရွှေဆည်းလည်း ၃၇၈၄ လုံး (ရွှေချိန် ၂၈၂ ပိသာ ၅၈ ကျပ်သား) စုစုပေါင်းရွှေချိန် ၈၄၂ ပိသာ ၆၃ ကျပ်သားနှင့် ရတနာပစ္စည်း ၆၇၈၆၈ မျိုး (အလေးချိန် ၅၃၉ ပိသာ ၄၀ ကျပ်သား) လှူဒါန်းကြသည်။

ရတနာပေါ် ရတနာဆင့်၊ ရွှေပေါ် ရွှေဆင့် အလှူ

လက်ဝတ်ရတနာလှူသမျှကို ရွှေထီးတော်ပထမဘုံဆင့်အတွင်းပတ်၍ ရွှေနန်းကြီးတွင် စီထည့်ပူဇော်ထားသည်။ မူလက ရွှေပိန်းချထားသော ရွှေတိဂုံတွင် တစ်ကျပ်သား၊ နှစ်ကျပ်သား၊ ခြောက်ကျပ်သား ရွှေပြားများကပ်လှူပူဇော်ထားရာ ဆောင်းပါးရှင်များက ရတနာပေါ် ရတနာဆင့်၊ ရွှေပေါ် ရွှေဆင့် အလှူဟုပင် ရေးခဲ့ကြသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ စေတနာသဒ္ဓါတရားကား ဆည်တမံကြီးကျိုးပေါက်၍ ဆည်ထဲကရေများ ဒလဟောစီးယိုထွက်သကဲ့သို့ပင် သဒ္ဓါဆည်ကြီး ကျိုးပေါက်သကဲ့သို့ လှူကြပေသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အလှူ၊ မြန်မာအစိုးရ အဆက်ဆက်အလှူ၊ တပ်မတော်မှ တပ်မတော် မိသားစုများမှ အထက်တပ်မတော်အကြီးအကဲအထိ အလှူများအား နေ့စဉ်၊ ညစဉ်သတင်းများ၌ ရှုမြင်၍ မဆုံးနိုင်ပါချေ။ ကျိုင်းတုံဘက်မှ ဝစီပိတ်ဆရာတော်ကြီး ကမကထပြုတည်ထားသော ဗုဒ္ဓဥယျာဉ်တော်သည်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း မွေတော်ကက္ကူ(ရှမ်း) စေတီပုထိုးအစုအဝေးနှင့် ဆုတောင်းပြည့်စေတီတော်တို့သည်လည်းကောင်း၊ မုံရွာမိုးညှင်းသမ္မုဒ္ဒေ၊ ဗောဓိတစ်ထောင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး၊ ပုဂံ၊ မကွေး၊ မင်းဘူး၊ ပြည်၊ ပုသိမ်၊ ရန်ကုန်၊ ရခိုင်မြောက်ဦးဒေသ၊ မင်းဘူး ရွှေစက်တော်၊ ကျိုက်ထိုမှ ကျိုက်ထီးရိုးစေတီတော်တို့ကို မြန်မာဗုဒ္ဓဘာသာတို့ ဥတုသုံးလီ၊ ၁၂ ရာသီ ဘုရားလည်ဖူး၍ အားမရနိုင်ကြပေ။

ယခု နေပြည်တော် ဒကွိုဏာသီရိဗုဒ္ဓဥယျာဉ်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အံ့မခန်းတည်ထားပြီးလေပြီ။ ၁-၈-၂၀၂၃ ရက်နေ့က ဦးဆောင်ဘုရားဒါယကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဆရာတော်၊ သံဃာတော်များ၊ အလှူရှင်များ ပြည်ပမှကြွလာသော ဆရာတော်၊ သံဃာတော်အရှင်မထေရ်မြတ်များ၊ ဧည့်သည်တော်များဖြင့် ခမ်းနားသိုက်မြိုက်စွာ ဘုရားအနေကဇာ တင်လှူပူဇော်ပွဲ၊ ကမ္ဘာ့အကြီးဆုံးနှင့် အထူးဆုံးစာအုပ်ကြီးဖြစ်လာမည့် ပိဋ္ဌကတ်တော်ကျော်စာရုံ စေတီ ၇၂၀ နှင့် သာသနိကအဆောက်အအုံများ မြော်မဆုံး၊ ရှုမဆုံး၊ ဖူးမြော်မဆုံးကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် မြင်ကြရသော ပြည်သူအပေါင်းတို့က သောင်းသောင်းဖြဖြ သာဓုခေါ်ကြလေသည်။

၂၉-၆-၂၀၂၃ ရက်နေ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြပွဲတွင် အလှူရှင် ၁၀၁ ဦးတို့က သဒ္ဓါတရားစိတ်ထက်သန်စွာဖြင့် ငွေကျပ်စုစုပေါင်း ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ) ကိုလှူဒါန်းကြသည်။ မြင်တွေ့ရှိကြားသိရသူတိုင်း သာဓုခေါ်ကြသည်။ ၂၃-၇-၂၀၂၃ ရက်နေ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပွဲကျင်းပရာ တက်ရောက်လာသူ စေတနာရှင် ၃၇၇ ဦးက အလှူတော်ငွေကျပ် ၁၇၄၁၅ သန်း (၁၇ ဒသမ ၄၁၅ ဘီလီယံ) လှူကြသည်။ ဧပြီလ ၂၉ ရက်နေ့တွင်လည်း အလှူရှင် ၂၇၄ ဦးက ငွေကျပ်သန်းပေါင်း ၅၀၀၀ ကျော် (၅ ဒသမ ၀၄ ဘီလီယံ)၊ အမေရိကန်ဒေါ်လာ ၂၃၀၀၀ နှင့် ထိုင်းဘတ်ငွေ တစ်သိန်းလှူဒါန်းကြသည်။

စာမျက်နှာ ၇ သို့ ✻

> **“ စကျင်ကျောက်တော်ကြီးကို ၂၀၁၇ ခုနှစ်တွင် လက်ခံရရှိခဲ့သည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သဒ္ဓါတရားစိတ်ဆန္ဒစေတနာဖြင့် ယခုကမ္ဘာကျော်ဖြစ်လာနေသော မာရဝိဇယဗုဒ္ဓဆင်းတုတော်ကြီးအား မဖြစ်မနေတည်ဆောက်ပူဇော်နိုင်ခဲ့သည်။ ကျောက်တုံးပမာဏအလေးချိန်တို့ကို မြင်ရုံနှင့်ပင် မည်သည့်ကရိန်းမျိုးမှ ‘မ’ယူခြင်း၊ ရွှေ့ပြောင်းသယ်ယူခြင်း ပြုနိုင်စရာမရှိပေ။ သြဝါဒါစရိယဆရာတော်ကြီးများ၏ညွှန်ပြမှု၊ တပ်မတော်မှ အင်ဂျင်နီယာဗိသုကာပညာရှင်များ၊ အရပ်ဘက်မှ မြန်မာအင်ဂျင်နီယာကောင်စီအသင်းမှ ပညာရှင်များ၏ ပညာအားဖြင့် ပြည်ပပညာရှင်များ၏ အကူအညီ အကြံဉာဏ်မပါဘဲ ထိုကျောက်တုံးကြီးကို ရေလမ်းဖြင့် ဆီမီးခုံသို့ သယ်ယူကာ ထိုမှတစ်ဆင့် နေပြည်တော်သို့ မော်တော်ယာဉ်မျိုးစုံဖြင့် ခဲခဲယဉ်းယဉ်းသယ်ယူနိုင်ခဲ့ ”**

✻ စာမျက်နှာ ၆ မှ

ဤစာရေးသူသည် စာပေဆုရရှိငွေဖြင့် ၁၂ သိန်းတန် ပိဋ္ဌကတ်သုံးပုံ အုပ် ၄၀ တစ်စုံ လျှောခဲ့ပါသည်။

ဤစာရေးသူသည် အသက်အရွယ်အရ၊ ကျန်းမာရေးအရ ကိုယ်တိုင်သွားရောက်ကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မဖူးမြော်နိုင်သေးသော်လည်း မြဝတီရုပ်သံ၊ MRTV ရုပ်သံနှင့် သတင်းစာ၊ ဂျာနယ်တို့တွင် အခါမလပ်စောင့်မျှော်ကြည့်ရှုရင်း ကြည်ညိုသဒ္ဓါပွားနေရပါသည်။ မြန်မာစကားရှိသည် "နှလုံးသားတွင် ဘုရားတည်" ဟူ၏။ ဤစာရေးသူ၏ ရင်ထဲ၊ နှလုံးထဲ၊ ဦးခေါင်း ဦးနှောက်ထဲတွင်ကား မာရဝိဇယမြတ်ဗုဒ္ဓသည် ကိန်းအောင်းလျက်ရှိနေပါသည်။ ဤမာရဝိဇယဗုဒ္ဓရုပ်ပွားတော် ဖြစ်မြောက်အောင် တည်ထားခဲ့သည့် ကြိုးပမ်းမှုအစအဆုံးမှတ်တမ်းများကို ဤစာရေးသူသာမက၊ မြန်မာများသာမက ကမ္ဘာကပါ တအံ့တသြ ရင်သပ်ရှုမောလက်ဖျားတခါခါ ရှိနေကြပေလိမ့်မည်။

စကျင်ကျောက်ဖြူများ ထွက်ရှိ

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်ဒေသသည် ဖြူဖွေးချောမွေ့၊ တောက်ပြောင်၍ မာကျောသောစကျင်ကျောက်ဖြူများ ထွက်ရှိသည်။ ရှေးအစဉ်အဆက်ကပင် စကျင်ကျောက်ဖြင့် ထုဆစ်သောဗုဒ္ဓရုပ်ပွားတော် ဉာဏ်တော်အရွယ်စုံကို မန္တလေးဘုရားကြီး အနောက်ဘက်၊ တောင်ဘက် ကျောက်ဆစ်တန်းမှ ပညာရှင်များက ထုဆစ်ပေးခဲ့သည်။ နိုင်ငံတစ်ဝန်းမှ ရှစ်မျက်နှာစေတီများ၏ မုခ်ရှစ်မုခ်အတွင်း ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်အားလုံးလိုလိုမှာ စကျင်ကျောက်ဆင်းတုများ ဖြစ်သည်။ ဉာဏ်တော်ခြောက်လက်မ၊ ကိုးလက်မ၊ တစ်ပေမှ ခြောက်ပေ၊ ခုနစ်ပေရှိ ရုပ်ပွားတော်များစွာ ထုဆစ်ခဲ့သည်။

မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားသည် စကျင်ကျောက်ဆင်းတုအရွယ်အကြီးဆုံး ဖြစ်သကဲ့သို့ ရန်ကုန်မြို့ မင်းဓမ္မကုန်းတော်မှ အဘယလာဘမုနိမြတ်စွာဘုရား ဆင်းတုတော်သည်လည်း စကျင်ကျောက်ဖြင့် ထုဆစ်ပူဇော်ထားခြင်းဖြစ်သည်။ အဘယလာဘမုနိစကျင်ကျောက်ဆစ်ရုပ်ပွားတော်၏ ဉာဏ်တော်ကို မြင့်လှသည်ဟု ထင်ထားခဲ့ရာ ယခုအခါ နေပြည်တော်မှ မာရဝိဇယရုပ်ပွားတော်မြတ်သည် မြန်မာနိုင်ငံမှာ သာမက ကမ္ဘာပေါ်မှာပင် ဉာဏ်တော်အမြင့်ဆုံး (စံတင်) ရုပ်ပွားတော်ကြီး ဖြစ်လာခဲ့သည်။

မတ္တရာစကျင်တောင်တွင် ၂၀၀၃ ခုနှစ်က တူးဖော်တွေ့ရှိရသော စကျင်ကျောက်တုံးကြီးသည် အရွယ်အားဖြင့် A ခေါ် နံပါတ်(၁) အကြီးဆုံးတန်းဝင် ကျောက်တုံးကြီးဖြစ်နေသည်။ ကျောက်သားကောင်းသည်။ သို့ဖြင့် ကျောက်တုံးပိုင်ရှင် Angelo Mining Co.,Ltd မှ ဦးအောင်ခိုင်သန်းက ပိုင်းစိတ်ဖြတ်တောက်လိုက်လျှင် ဗုဒ္ဓဆင်းတုတော်များ ရာချီထောင်ချီရနိုင်သော်လည်း ဤမျှကြီးသော ကျောက်တုံးကြီးကို ပိုင်းစိတ်ဖြတ်တောက်မပစ်ရက်ဘဲ နယကဋ္ဌက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လျှောက်ထားခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်တွေ့အသုံးပြုကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အကြီးဆုံး၊ အမြင့်ဆုံးဖြစ်အောင် ထုဆစ်ပူဇော်ရန် လုပ်ဆောင်နိုင်မည့် တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လွှဲအပ်ပေးလျှောက်ထားခဲ့ကြောင်း ၃-၈-၂၀၂၃ ရက်နေ့ထုတ် TREND ဂျာနယ်တွင် ဖတ်ရှုလိုက်ရသည်။

ထိုစကျင်ကျောက်တော်ကြီးကို ၂၀၁၇ ခုနှစ်တွင် လက်ခံရရှိခဲ့သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ သဒ္ဓါတရားစိတ်ဆန္ဒစေတနာဖြင့် ယခုကမ္ဘာကျော် ဖြစ်လာနေသော မာရဝိဇယဗုဒ္ဓဆင်းတုတော်ကြီးအား မဖြစ်မနေတည်ဆောက်ပူဇော်နိုင်ခဲ့သည်။ ကျောက်တုံးပမာဏအလေးချိန်တို့ကို မြင်ရုံနှင့်ပင် မည်သည့်ကရိန်းမျိုးမှ'မ'ယူခြင်း၊ ရွှေ့ပြောင်းသယ်ယူခြင်း ပြုနိုင်စရာမရှိပေ။ သြဝါဒါစရိယဆရာတော်ကြီးများ၏ညွှန်ပြမှု၊ တပ်မတော်မှ အင်ဂျင်နီယာ ဗိသုကာပညာရှင်များ၊ အရပ်ဘက်မှ မြန်မာအင်ဂျင်နီယာကောင်စီအသင်းမှ ပညာရှင်များ၏ ပညာအားဖြင့် ပြည်ပပညာရှင်များ၏အကူအညီ အကြံဉာဏ်မပါဘဲ ထိုကျောက်တုံးကြီးကို ရေလမ်းဖြင့် ဆီမီးခုံသို့ သယ်ယူကာ ထိုမှတစ်ဆင့် နေပြည်တော်သို့ မော်တော်ယာဉ်မျိုးစုံဖြင့် ခဲခဲယဉ်းယဉ်း သယ်ယူနိုင်ခဲ့သည်။

ရုပ်မြင်သံကြားမှ နေ့ညမပြတ်မြင်တွေ့နေရသော စကျင်ကျောက်တုံးကြီး သယ်ယူရေးကြိုးပမ်းမှုများကို အုံ့သြခြင်းကြီးစွာ လက်ဖျားခါချီးကျူးရင်း ကြည့်နေကြသောပြည်သူများ ကုသိုလ်ပီတိဂွမ်းဆီထိ ဖြစ်နေခဲ့ရပေသည်။ ၂၀၂၁ ခုနှစ် ဧန်နဝါရီလ ၂၅ ရက်နေ့မှ ငါးရက်အကြာ ၂၉ ရက်နေ့တွင် ပထမဆုံးသောကျောက်တုံးကြီးများ နေပြည်တော်သို့ ရောက်ရှိလာခဲ့သည်။ စုစုပေါင်းသယ်ယူမှုအကြိမ် ခုနစ်ကြိမ်မျှ ရှိခဲ့သည်။ ရက်သတ္တနှစ်ပတ်ကြာလျှင် ကျောက်တုံးတစ်တုံး နေပြည်တော်သို့ရောက်သည်။ နောက်ဆုံးအခေါက်မှာ ၂၀၂၁ ခုနှစ် ဧပြီလ ၂၀ရက်နေ့တွင်နေပြည်တော်သို့ရောက်သည်။

စကျင်တောင်မှ ရေယာဉ်ဖြင့် မြောင်မြစ်သို့ သယ်ပို့ပြီး မြောင်မြစ်မှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆီမီးခုံ (ဆမိတ်ခုန်ဟု အသံထွက်သည်)သို့ သယ်လာသည်။ ရေကြောင်းလမ်းများချွေ့ရခြင်း၊ ရာသီဥတုတိုင်းထွာဆန်းစစ်ပြီး ရေကြောင်းကို စက်ယန္တရားဖြင့်ပြုပြင်ပြီးမှ သယ်ဆောင်ခဲ့ရသည်။ လိုအပ်သောနေရာတွင် ယာယီတူးမြောင်း တူးဖောက်သယ်ဆောင်ပြီး သယ်ပို့ပြီးသည်နှင့် တူးမြောင်းများကို တောင်သူလယ်သမားတို့ စိုက်ပျိုးမြေပြန်ရရန် ပြန်ဖို့ပေးခဲ့ရသည်။

ဆီမီးခုံမှတစ်ဆင့် မြို့သာစက်မှုဇုန်ကို ဖြတ်သန်းကာ ကုန်းလမ်းအတိုင်း ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်သို့ရောက်အောင် စံကားအင်းအဝိုင်းအထိ အထူးစီမံပြုလုပ်ထားသော ကျောက်တုံးတင်ယာဉ်တွဲကြီးများပေါ်တင်၍ သယ်ရသည်။ လမ်းတစ်လျှောက် တံတားများမှာ တန် ၆၀ အထိသာ ဝန်အား၊ ယာဉ်အားခံနိုင်သဖြင့် လမ်းလွှဲမြေအောက်ဖြတ်လမ်း (Under Pass) သွားလမ်းသစ်များ ဖောက်ခဲ့ရသည်။ ရုပ်ပွားတော် ထုဆစ်သည့် ပင်မကျောက်တုံးတော်ကြီးတင်သော ပစ္စည်းတင်တွဲယာဉ်၏ တစ်ဖက်တစ်ချက်မှ ကားဘီးကြီးများကို ရနိုင်သမျှ ရေတွက်ကြည့်ရာ TV တွင် မြင်ရသရွေ့ တစ်ဖက်တွင် ကားဘီး ၃၀ ခန့်ပါသည်။ တစ်ဖက်တွင် ဘီးကနှစ်ထပ် ဝဲဘက်၊ ယာဘက်တွင်ဆိုလျှင် ကားဘီးကြီး ၁၂၀ ခန့် တပ်ဆင်ထားသည်ကို တအံ့တသြတွေ့လိုက်ရသည်။

ရှောင်လွှဲလမ်းများ ဖောက်လုပ်ခဲ့

တံတားများကို ရှောင်ကွင်းသယ်ဆောင်ရန် ရှောင်လွှဲလမ်း (Divession)များ ဖောက်လုပ်ခဲ့ရသည်။ ရှောင်လွှဲလမ်းအားလုံး၏အရှည်မှာ မိုင် ၃၀ ကျော်မျှပင်ရှိခဲ့သည်။ ပေ ၂၀ အောက် မြေအောက်ဖြတ်လမ်း (Under pass) နှစ်ခု၊ ပေ ၄၀ အောက် မြေအောက်ဖြတ်လမ်း ၂၀၊ ပေ ၄၀ အထက်တံတား ၅၆ စင်းတို့ကို ပြင်ဆင်ပေးခဲ့ရသည်။ ကျောက်တုံးများသယ်ဆောင်ရာ၌ ရေလမ်းအဆုံး ဆိပ်ကမ်းဖြစ်သော ဆီမီးခုံတွင်လည်း ကျောက်တုံးတော်ကြီးများကို လာရောက်ဖူးမြော်ကန်တော့ကြသည်။ သယ်ဆောင်ရာလမ်းတစ်လျှောက်တွင်လည်း ဗုဒ္ဓရုပ်ပွားတော်ဖြစ်လာမည့် စကျင်ရတနာကျောက်တော်ကြီးများကို ဗုဒ္ဓအားရည်မှန်းကန်တော့ကြသူများ အဆက်မပြတ်လှပေ။

စကျင်ကျောက်တုံးကြီးများမှ မလိုအပ်ဟု ယူဆရသောအပိုင်း (တန်ချိန် ၅၀၀ ကျော်) ဖြတ်ထုတ်ခဲ့ရသည့်တိုင် နေပြည်တော်သို့ ခုနစ်ခေါက် သယ်ပို့ရောက်ရှိလာသော စကျင်ကျောက်တုံးကြီးများ၏ စုစုပေါင်းအလေးချိန်မှာ ၇၆၃၂ တန် ရှိပေသည်။ ကျောက်တုံးကြီးများကို ကျွမ်းကျင်သောပညာရှင်များ၊ တပ်မတော်သားများ၊ ဝန်ထမ်းများ၊ ပညာရှင်များ၏ ဇွဲ၊ လုံ့လ၊ သဒ္ဓါတရားတို့ဖြင့် ကြိုးပမ်းအားထုတ်ခဲ့သည်။ သြဝါဒါစရိယဆရာတော်ကြီးများ မိန့်မှာသည့်အတိုင်း ဦးဆောင်ဘုရားဒါယကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တာဝန်ယူအာမခံ၍ခံပြီး မဖြစ်ဖြစ်အောင် တည်ထားခဲ့၊ ဆောက်လုပ်ခဲ့သည်။ ပြည်သူအလှူရှင် (ဘုရားဒါယကာ)များကလည်း အဆက်မပြတ်လှူကြတန်းကြဖြင့် ဘုရားကြီးထုဆစ်ရာ မာရဝိဇရဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရာ၌ လိုလေသေးမရှိ အသုံးပြုနိုင်ခဲ့လေသည်။

ဗုဒ္ဓဥယျာဉ်တော်ကြီးသည် ၂၅၅ ဧက ကျယ်ဝန်းသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးအား ခေတ်မီဆန်းပြားလှသော CNC စက်များသုံး၍ ထုဆစ်ရာတိကျ၊ သေသပ်၊ လျင်မြန်စွာအကောင်အထည်ပေါ်လာနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဧန်နဝါရီလ ၂၆ ရက်နေ့တွင် ဆင်းတုတော်အပိုင်း (၁၊ ၂၊ ၃)တို့ကို ရတနာပုလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ရာ ဧန်နဝါရီ လ ၃၁ ရက်နေ့တွင် ပုလ္လင်တော်ထက်သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တင်လှူပြီးစီးခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ဉာဏ်တော် ၆၃ ပေ၊ ပုလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ၈၁ ပေ ရှိသည်။ ဆေးသက်နီး ကပ်လှူလိုက်သောအခါ ကြည်ညိုသပ္ပာယ်ဖွယ်ရာ မာရဝိဇယမြတ်ဗုဒ္ဓအား ဘုရားဖူးပြည်သူတို့ ဖူးမြော်၍မဝ၊ ပူဇော်ကန်တော့၍ မတင်းတိမ် အကြိမ်ကြိမ်ဦးချနေမိကြတော့သည်။

၂၀၂၃ ခုနှစ် ဧန်နဝါရီလ ၂၇ ရက်နေ့နှင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တို့တွင် ဌာပနာထည့်သွင်းပူဇော်ခဲ့သည်။ ဧန်နဝါရီလ ၂၇ ရက်နေ့ ပထမအကြိမ် ဌာပနာသွင်းလှူပူဇော်ရာတွင် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများက ရွှေထည် ၁၀၄ ကျပ် ခြောက်ပဲ သုံးရွေးသား၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား တစ်ပဲ တစ်ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံခြားမှ ဌေဒဂ်ီးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများ လှူကြသည့်အတိုင်း ဦးဆောင်ဘုရားဒါယကာကိုယ်တိုင် ဆရာတော်ကြီးများ၏ ကြီးကြပ်ညွှန်ပြမှုဖြင့် ဌာပနာထည့်သွင်းပူဇော်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ရာ၌ နိုင်ငံတစ်ဝန်းမှ အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမ (ခုနစ်ရက်သားသမီးများ)က လှူဒါန်းသည့် ရွှေထည် ၁၃၆၀ ကျပ်သား ၅ ဒသမ ၄ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၆၈၄ ကျပ်သား ၁၁ ပဲ ၁ ဒသမ ၆ ရွေး၊ ကျောက်မျက်ရတနာပါ ငွေထည်ပစ္စည်း ၁၂၆ ပဲ ၅ ဒသမ ၁ ရွေး၊ ကျောက်မျိုးစုံ၊ ပုလဲမျိုးစုံအပါအဝင် နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပုလ္လင်တော်ထက်တွင် ထည့်သွင်းပူဇော်ခဲ့သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာထုံးများနှင့်အညီ ရတနာပုံခေတ်ဟန် ဘူမိဖသမုဒြာပုံစံဖြင့် တည်ထားခဲ့သည်။ မြန်မာနိုင်ငံသည် ကိုလိုနီခေတ်အတွင်း နိုင်ငံ၏ မြန်မာ့ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုသာသနာတော်မှုများ၌ ထိပါးချိုးနှိမ်ခံခဲ့ရသဖြင့် မြန်မာတို့ ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြင့်နန်းခေတ်တွင် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ပြန်လည်ပုံဖော်ရန်အတွက် ရတနာပုံခေတ်၏ဟန်ဖြင့် ထုဆစ်ပူဇော်ကိုးကွယ်ခြင်း ဖြစ်ကြောင်း သိရသည်။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား အဆင့်ဆင့်ထုဆစ်နေမှုကို တွေ့ရစဉ်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝဏ္ဏသိဒ္ဓိ အားကစားရုံ(ဘီ)တို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်နှင့် ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၆၆ ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၄၅၀ တက်ရောက်ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

မဲဆန္ဒရှင်ပြည်သူ တစ်ယောက်အနေဖြင့် Myanmar Electronic Voting Machine (MEVM) စက်အသုံးပြု၍ ဆန္ဒမဲပေးရာတွင် မိမိမဲပေးရွေးချယ်ခဲ့သည့် ပါတီ/ကိုယ်စားလှယ်၏ တံဆိပ်အမှတ်အသားပါ ဆန္ဒမဲဖြတ်ပိုင်းသည် ပရင်တာမှထွက်ပေါ်လာမည်ဖြစ်ပြီး သုံးစက္ကန့်အကြာတွင် အောက်ဘက်ရှိ မဲပုံးအတွင်းသို့ အလိုအလျောက်ကျဆင်းသွားသည်ကို မြင်တွေ့နေရသည့်အတွက် ပွင့်လင်းမြင်သာ၍ စိတ်ချယုံကြည်စွာ မဲပေးနိုင်မည်ဖြစ်သည်။

မဲပေးခြင်းလုပ်ငန်းစဉ်ပြီးဆုံးပြီး မဲလက်မှတ်များကို စိစစ်ရန်လိုအပ်ပါက မဲရလဒ်များ ဖော်ပြသည့်ဖြတ်ပိုင်းကို မဲဆန္ဒရှင်များ ဆန္ဒပြုခဲ့သည့် ဆန္ဒမဲဖြတ်ပိုင်းများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်မည်ဖြစ်၍ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လက်တွေ့စမ်းသပ်ဆန္ဒမဲပေးသူများ၏ ဆန္ဒမဲပေးပြီးပြန်လည်စစ်ဆေးကြည့်ရှုမှုများအရ ဆန္ဒမဲပေးမှုများမှာ ရာနှုန်းပြည့် မှန်ကန်မှုရှိကြောင်း တွေ့ရှိရသည့်အတွက် MEVM စက်ဖြင့် ဆန္ဒမဲပေးခြင်းသည် မသမာမှုမရှိနိုင်ကြောင်းနှင့် ယုံကြည်စိတ်ချရမှုအပြည့်အဝရှိကြောင်း တွေ့ရသည်။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လက်တွေ့စမ်းသပ်မဲပေးခြင်းမှတစ်ဆင့် ကြုံတွေ့ရသည့် အခြေအနေများအပေါ် အကြံပြုဆွေးနွေးချက်များရှိပါက ယင်းအကြံပြုချက်များအပေါ် ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်သည့်စနစ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မျိုးစေ့ထုတ်လုပ်ငန်းများ၌ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် တောင်သူများ၏ ပူးပေါင်းပါဝင်မှုသည် အဓိကကျ

နေပြည်တော် သြဂုတ် ၂၂

စိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်သည့် သီးနှံမျိုးကောင်းမျိုးသန့်၊ မျိုးစေ့များကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများ၌ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် တောင်သူများ၏ ပူးပေါင်းပါဝင်မှုသည် အဓိကကျကြောင်း ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၌ ဒေသနေ တောင်သူများနှင့် တွေ့ဆုံစဉ် စိုက် ပျိုးရေး၊ မွေးမြူရေးနှ င့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဧရာဝတီ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ စံပြစိုက်ကွင်းတွင် နည်းပညာပြန့်ပွားရေးစင်တာ ဧက ၁၀၀ စံပြစိုက်ကွင်း၏ မိုးစပါးစိုက်ပျိုးအောင်မြင်နေမှုကိုလည်းကောင်း၊ ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းရှိ စီးပွားဖြစ်မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ထုတ်စိုက်ပျိုးထားသည့် မိုးစပါးစိုက်ကွင်း၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တောင်သူများ ဝင်ငွေတိုးပွားရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရန် လိုအပ်ချက်များ၊ ဒေသနေပြည်သူ တစ်ဦးချင်း၏ ဝင်ငွေနှင့် လူနေမှုဘဝ မြင့်မားရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဖျာပုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဧင်းဘောင်ဧည့်ရိပ်သာ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခေတ်မီနည်းပညာများ လိုက်နာကျင့်သုံးမှု တိုးပွားလာရေးနှင့် သီးထပ်စွမ်းအားမြင့်မားလာရေးအသိပညာပေး ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးသင်တန်းကျောင်း(ဖျာပုံ)၌ ရေလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငါးဖမ်းထုတ်လုပ်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice – GAqP) အပါအဝင် ခေတ်မီနည်းပညာ အသုံးပြုသည့် ငါး၊ ပုစွန် မွေးမြူ ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်ရှိ ChaoYang International Co.,Ltd ၏ ငါးရှဉ့်နှင့် ကဏန်း ပြုပြင်ထုပ်ပိုးနေမှုနှင့် ပြည်ပ ဈေးကွက်သို့ လေကြောင်းလမ်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ တင်ပို့ရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဝါးအခြေခံ လက်မှုထည်ထုတ်လုပ်မှုနည်းပညာမွမ်းမံသင်တန်း ဖွင့်လှစ်

နေပြည်တော် သြဂုတ် ၂၂

ဝါးအခြေခံ လက်မှုထည်ထုတ်လုပ်မှု နည်းပညာမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်စီမံကိန်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇေယျာလင်းက၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအတွက် စီမံကိန်းလုပ်ငန်းခြောက်ခု၊ သင်တန်းငါးမျိုးဖွင့်လှစ်ပို့ချ ဆောင်ရွက်နိုင်ရန် ကျေးရွာကိုးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် လက်တွေ့အသုံးချနိုင်သည်အထိ စနစ်တကျလေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူများအား ကြက်ဟင်းခါးသီး၊ ရွှေဖရုံ၊ မုန်ညင်း၊ မုန်လာဥဖြူ၊ ကန်စွန်းရွက်၊ ကိုက်လန်၊ ခရမ်းသီးမျိုးစေ့များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရေး ထောက်ပံ့ပေးအပ်သည်။

ယခုဖွင့်လှစ်သော သင်တန်းတွင် သင်တန်းဆင်းများအနက် ထူးချွန်ပြီး အမှန်တကယ် လုပ်ငန်းပြန်လည်လုပ်ကိုင်မည့်သူငါးဦးကို တစ်ဦးလျှင်ငွေကျပ် ၁၀သိန်းနှုန်းနှင့်ညီမျှသော လိုအပ်သည့် ရင်းနှီးပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ တက်ရောက်ခြင်းဖြင့် ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်လာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည့်အပြင် စွန့်ဦးတီထွင်လုပ်ငန်းရှင်ငယ်များ ပေါ်ထွန်းလာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မံစီမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်က အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ် အတိုးများ ပေးအပ်

မံစီ သြဂုတ် ၂၂

ကချင်ပြည်နယ် မံစီမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အသင်းသားများသို့ အစုပေါ်အမြတ်ချီးမြှင့်ငွေကျပ် ၃၃၅၀၀၀၀၊ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၂၂၈၅၅၀၀၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအတွက် ပညာရည်ချွန်ဆုချီးမြှင့်ငွေကျပ် ၈၁၀၀၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
သတင်းကြေညာချက်
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ သြဂုတ်လ(၂၃)ရက်

၁။ ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတစ်စောင်လျှင် (၂၀၀/-) နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀၀/-) တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန၊ ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၃-ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စတင်၍ ရောင်းချပေးမည် ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ တင်သွင်းရာ၌ ဖြေဆိုမည့် ဘာသာတွဲအလိုက် အစိမ်းရောင်နှင့် ပန်းရောင်ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံဖြင့် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ စနစ်ဟောင်း နဝမတန်း (Grade-10) အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်း တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်း မရှိခဲ့သူများနှင့် စနစ်ဟောင်း ဒသမတန်း (Grade 11) တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများကို ပြင်ပဖြေအဖြစ် ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး (၇၀၀/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက် ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ မှ စက်တင်ဘာလ ၂၉ ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၇၀၀/-) ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး၊ လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၇။ သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ ၁၂-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

■

သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို သြဂုတ်လနှင့် စက်တင်ဘာလတို့တွင် ကျောင်းအခြေပြုထိုးနှံပေးမည်ဖြစ်ပြီး အောက်တိုဘာလတွင် ပြည်သူလူထုအခြေပြု ထိုးနှံပေးမည်

နေပြည်တော် သြဂုတ် ၂၂

အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ပါမောက္ခဒေါက်တာ အေးထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်သတင်းနည်းပညာဌာနမှ ဌာနမှူး၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးနှင့်ရောဂါနှိမ်နင်းရေးတပ်မှ တပ်မှူး၊ နီးနွယ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများမှ တာဝန်ရှိသူများ၊ WHO၊ UNICEF တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနသည် မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်၍ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူရန် အကျိုးဝင်သော မိန်းကလေးငယ်များကို စာရင်းကောက်ယူခြင်း၊ ကာကွယ်ဆေး ထိုးနှံခြင်းခံယူမည့် မိန်းကလေးငယ်များအား ဖိတ်ကြားလွှာပေးပို့ပြီး မိဘ/အုပ်ထိန်းသူများ၏ သဘောတူညီချက်ရယူခြင်း၊ ကာကွယ်ဆေးထိုးစုရပ်ပြင်ဆင်ရာတွင် ကူညီဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးနှံသည့်နေရာများ စနစ်တကျရှိရန် ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံချိန်တွင် လိုအပ်သည်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာတစ်ဝန်းတွင် သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားနှုန်းမှာ အမျိုးသမီး၃ဦးရေ တစ်သိန်းတွင် ၁၃ ဒသမ ၃ ဦး ရှိကြောင်းနှင့် ရောဂါကြောင့်သေဆုံးမှုမှာ ၆ ဒသမ ၉ ဦး ရှိကြောင်း၊ သားအိမ်ခေါင်း ကင်ဆာရောဂါကြောင့် သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများတွင်ဖြစ်ပြီး ၎င်းနိုင်ငံများတွင် ရောဂါကြောင့် သေဆုံးမှုနှုန်း မြင့်မားနေသည်ကို တွေ့ရကြောင်း၊ သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် အသက်ငယ်ရွယ်သည့် မိန်းကလေးများတွင် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားစေသည့် Human Papilloma Virus(HPV) သားအိမ်ခေါင်းကင်ဆာဗိုင်းရပ်စ်ပိုး ကူးစက်မှုနှုန်းကို ၈၃ ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးမှာ HPV ပိုးအမျိုးအစား လေးမျိုးကို ကာကွယ်နိုင်သည့် ကာကွယ်ဆေးဖြစ်ပြီး အဆိုပါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှုကို ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်း အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုကြသည်။

ပေးအပ်

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်အဖြစ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သောအဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမသို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်း ဌာနခွဲနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ် မကျော်သော မိန်းကလေးငယ် ၁၄၆ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၂ ခုနှစ် သြဂုတ်လ ထုတ်ပြန်ချက်အရ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် မော်လဒိုက်နိုင်ငံတို့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကာကွယ်ဆေးထိုး အစီအစဉ်များတွင် ထည့်သွင်းထိုးနှံပေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ၁၃ မျိုးမြောက် ထိုးနှံပေးသည့် ကာကွယ်ဆေးဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို သြဂုတ်လနှင့် စက်တင်ဘာလတွင် ကျောင်းအခြေပြု ထိုးနှံပေးခြင်းဖြစ်ပြီး အောက်တိုဘာလတွင် ပြည်သူလူထုအခြေပြုထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ထန်းတပင်မြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ထန်းတပင် သြဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကန့်လန့်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း အရှည် ပေ ၄၅၉၀၊ အကျယ် ၁၀ ပေ၊ ခုနှစ်လက်မ ဒုခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလတွင် လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေး ကောင်းမွန်စေရေးတို့ကို ဆွေးနွေးပြောကြားသည်။

ကန့်လန့်ကုန်းကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၈၁၁၀ သန်းဖြင့် သြဂုတ် ၁၁ ရက်မှစတင်၍ ရွက်သစ်နုဝေကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီးလက်ရှိအချိန်တွင် ပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် ၄၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

စစ်တွေမြို့၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ပြည်နယ်အဆင့်ဖွင့်ပွဲကျင်းပ

စစ်တွေ သြဂုတ် ၂၂

၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တို့ ပြည်နယ်အဆင့်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်ပရဝဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ၂၀၂၃ ခုနှစ် စာရင်းဇယားအချက်အလက်များအရ ရခိုင်ပြည်နယ်တွင် လူဦးရေ ၃ သန်း ၃ သိန်းကျော်ရှိရာတွင် ကိုယ်ဝန်ဆောင်မိခင်ပေါင်း ၆၃၆၈၃ ဦး၊ အသက်တစ်နှစ်အောက်ကလေးငယ် ၅၅၅၃၆ ဦး၊ အသက်ငါးနှစ်အောက်ကလေးငယ် ၃၁၂၃၆၄ ဦး ရှိကြောင်း သိရှိရသည့်အတွက် ပြည်နယ်လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်မှာ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်ငါးနှစ်အောက်ကလေးများဖြစ်၍ ၎င်းတို့၏ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အလေးအနက်ထားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ်သြဂုတ်လရောက်တိုင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်တို့အဖြစ် သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော လူငယ်များ၊ ဗဟုသုတပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူများ အားလုံး သက်ရှည်ကျန်းမာရန်အတွက် အခြေခံကျပြီး အရေးပါသော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဆွေဆွေမြတ်နှင့် တာဝန်ရှိသူများက တန်ဖိုးနည်းအာဟာရချက်ပြုတ်ပြင်ပွဲဆု၊ မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ဆု၊ အာဟာရသားကောင်းမိခင်စံပြဆု၊ ကျန်းမာပြည့်ဝ အာဟာရကလေးစံပြဆု၊ ဘဝရှေ့ဆောင်ရက်(၁၀၀၀) စံပြဆုနှင့် ကျန်းမာဉာဏ်ရှင် သားကောင်းမိခင်ဆုရရှိကြသူများအား ဆုများပေးအပ်ကြပြီး အလှူရှင်များက ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် အသိပညာပေး ဗီဒီယိုကိုပြသ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများ ပေးအပ်ကာ အထိမ်းအမှတ်ပြခန်းများ၊ တန်ဖိုးနည်းအာဟာရ ပြည့်ဝသည့် အစားအစာ ပြင်ဆင်ချက်ပြုတ် သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ကျိုက်မရောမြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း အသိပညာပေး ရှင်းလင်းပွဲကျင်းပ

ကျိုက်မရော သြဂုတ် ၂၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြန်လည်ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိုက အခွန်ပေးဆောင်ရခြင်း၏ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသောဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရုပ်သံလွှင့်မီဒီယာ၊ရွှေထည်လက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းစသည့်လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းရှင်အခွန်ထမ်းများက မရှင်းလင်းသည့် အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ မိုတယ်လုပ်ငန်းရှင်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရှင်များ စုစုပေါင်း ၅၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဆင်ဖြူတော်ကလေး "ရဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် သြဂုတ် ၂၂

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေး ချိန်ပေါင် ၁၈၀ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေး အဖြူရောင်ဖြစ်ခြင်း၊ အမြီး တံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇောကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဌနန္ဒက" မှာ ယခုအသက် ၁ နှစ် ၁ လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၇၂၆ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် (Peace Human and Elephant Interaction Training)ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

သံတွဲမြို့၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်း ဖွင့်လှစ်

သံတွဲ သြဂုတ် ၂၂

ရခိုင်ပြည်နယ် သံတွဲခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပို့ချသော အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက သံတွဲမြို့နယ်ရှင်အောင်ကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သံတွဲခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုမြတ်မွန်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဦးသိန်းကျော်ဌေးက သင်ကြားပို့ချမည့် အစီအစဉ်များနှင့်ပတ်သက်၍ ပြောကြားပြီး သံတွဲခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုမြတ်မွန်က သင်တန်းသုံးပစ္စည်းများကို စီမံကိန်းအဖွဲ့ခေါင်းဆောင် ဦးစိုးမင်းအောင်ထံ ပေးအပ်သည်။

အဆိုပါ အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်လျက်ရှိပြီး ယနေ့မှစ၍ စက်တင်ဘာ ၂၀ ရက်အထိ တစ်လအကြာ ဖွင့်လှစ်မည်ဖြစ်၍ မွမ်းမံသင်တန်းကို ၁၅ ရက်ကြာ ထပ်မံသင်ကြားပေးမည်ဖြစ်ကာ သင်တန်းတွင် ထူးချွန်သည့် သင်တန်းသား ငါးဦးအား ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဗလငါးတန်ပညာမာန်ဖြင့် အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်ပါစေ ...

မိုးကေနိုင်

လူငယ်ဟူသည် လူ့ဘောင်အဖွဲ့အစည်းတစ်ခုမှာ အားကိုးအားထားပြုစရာ လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သည်။ မည်သည့်ခေတ်၊ မည်သည့်စနစ်ကို ဖြတ်သန်းရသည်ဖြစ်စေ လူငယ်မျိုးဆက်တစ်ခုနှင့်တစ်ခုကြား အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများမှာ များစွာကွာခြားသွားရန်မသင့်။ ကာယဉာဏ စာရိတ္တစွမ်းရည်များ ချို့တဲ့သွားရန်မသင့်ပါ။ ကြိုးစားအားထုတ်မှု အခွင့်အလမ်းနှင့် စွမ်းရည်များမှာ တစိုက်မတ်မတ် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင်သာ ရှိနေရပါမည်။ သို့မှသာ ထိုလူငယ်များအားကိုးနှင့် ထိုလူငယ်များကိုမှီခိုရာ လူ့အဖွဲ့အစည်းကြီးသည်လည်း ငြိမ်းချမ်းသာယာ ဝပြောရှ် အစဉ်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ခံယူထားပါသည်။

အနာဂတ်အတွက် အားကိုးရမည့်သူများ အနာဂတ်မဲ့မဖြစ်စေလိုရှ်

နိုင်ငံ့အနာဂတ်အတွက် စွမ်းရည်ပြည့်လူငယ်ရင်းမြစ်များစွာကို ဖော်ထုတ်ပြီး ပုံဖော်ထုဆစ်ပျိုးထောင်နိုင်မှသာ ဆုံးရှုံးသွားသော လူငယ်မျိုးဆက်တစ်ခုကို အစားထိုးဖြည့်ဆည်းပေးရာရောက်ပါမည်။ ပညာသင်ကြားနိုင်ခွင့် အခွင့်အလမ်းများ များစွာဖော်ထုတ်ပေးသော်လည်း လက်ရှိအခြေအနေမှာ အချို့နေရာ၊ အချို့ကျောင်းသားအရွယ် လူမမည်များ ပညာသင်ကြားခွင့် အခွင့်အရေး များစွာဆုံးရှုံးနေရသည်။

သူတို့သည် နိုင်ငံ့အနာဂတ်များဖြစ်ကြသည်ကို မေ့လျော့နေကြသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ မငြိမ်းချမ်းခြင်းက အချို့လူငယ်များတွင် အေးချမ်းလုံခြုံမှုမရှိ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေပြီး တစ်ဆက်တည်း လူမှုစီးပွားဘဝများ များစွာပျက်ယွင်းမှုဖြစ်ရသည်။ အချို့လူငယ်များ ပညာတတ်ဘဝကို ဖယ်ခွာလမ်းမှားရောက် လမ်းပျောက်နေကြသည်။ အနာဂတ်အတွက် အားကိုးရမည့်သူများမှာ လက်ရှိအနာဂတ်မဲ့နေကြသည်။

ထို့အတွက် နိုင်ငံတော်က ယနေ့လူငယ်များကို အားထားရမည့် အမြုတေကောင်းများဖြစ်အောင် ပညာတတ်၊ ပညာရှိ၊ ပညာရှင်များစွာပေါ်ထွန်းအောင် အမြော်အမြင်ကြီးစွာဖြင့် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည့် ကုန်ထုတ်စွမ်းအားစုများအဖြစ် ဖန်တီးရန် ယနေ့လူငယ်လူရွယ်များကို ကျန်းမာသန်စွမ်းသူများဖြစ်အောင် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်နှင့်ထပ်တူ မိဘ၊ ဆရာ ဆရာမများနှင့် ယဉ်ကျေးလူ့အဖွဲ့အစည်းများကလည်း ယနေ့ခေတ်လူငယ်များကို လက်တွဲခေါ်သည်၊ အားပေးသည်၊ ဆုံးမသွန်သင်သည်၊ မြေတောင်မြှောက်ပေးသည်၊ လမ်းမှန်ပြန်ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးလျက်ရှိသည်။ တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နေသလို အထိန်းအကွပ်မဲ့မဖြစ်ရအောင် ထိန်းချုပ်နေရသည်များလည်းရှိသည်။

အဓိကမှာ ပညာကိုအခြေခံ၍ မိမိတို့ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေး ဓလေ့စရိုက်များကို ယုံကြည်မြတ်နိုးစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်လိုက်နာကျင့်သုံးကြရန်ပင် ဖြစ်သည်။ စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်လည်း လူကြီးများ၊ မိဘဆရာသမားများအနေဖြင့် မပြတ်သွန်သင်ဆုံးမကြပ်မတ်နေရန်လည်း တာဝန်ရှိသည်။ အတွေးအခေါ် မှန်ကန်စွာဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးတတ်သည့် မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ကိန်းအောင်းရန် အထူးအားပေး တိုက်တွန်းနေရပေမည်။

ဗလငါးတန်ဖြည့်စွမ်းရန် ဦးတည်ချက်အမှန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်ထပ်မံချမှတ်ခဲ့သည့် ဦးတည်ချက် (၉) ရပ်အနက် လူမှုရေးဦးတည်ချက် (၃) ရပ်ဖြစ်သော ပညာ၊ ကျန်းမာနှင့် လူငယ်ရေးရာ ဦးတည်ချက်များအားလုံးတွင် စွမ်းအားရှင်လူငယ်ထုအတွက် ရင်းနှီးမြှုပ်နှံမှုများပါဝင်သည်ကို သတိထားမိသည်။

ပညာရေးအဆင့် ပညာရေးကဏ္ဍတိုင်းမှာ ဘက်စုံပညာရေးအသွင်ဖြင့် လက်လှမ်းမီပါဝင်နိုင်မည့် ပေးထားချက်များအပေါ် ယနေ့လူငယ်များ အနေဖြင့် လက်မလွတ်တမ်း ရယူဆုပ်ကိုင်နိုင်ရန် လိုအပ်ပါသည်။ ထိုသို့ နိုင်ငံတော်၏ ဖန်တီးပေးထားမှုအပေါ် မိဘ၊ ဆရာ၊ ကျောင်းသားပြိုင်ဘူတွန်းမှသာ ဟန်ချက်ညီညီ ရွေ့လျားနိုင်မည်ဖြစ်သည်။ ပညာသင်နိုင်အောင်၊ အလုပ်လုပ်နိုင်အောင်က သက်ရှည်ကျန်းမာနေဖို့၊ ကျန်းမာကြံ့ခိုင်ဖို့ လိုအပ်သည်။ ပညာရေးအပြင် အားကစားကို ခုံမင်နှစ်သက် အချိန်ပေးရန် မဖြစ်မနေလိုအပ်ပါမည်။

ရှေ့ဦးတည်ချက်နှစ်ရပ်ဖြင့် ဗလငါးတန်နှင့် ပြည့်စုံသော အနာဂတ်ရင်းမြစ် လူငယ်များ မွေးဖွားပေးနိုင်စွမ်းမည့် တတိယဦးတည်ချက်ကို ဦးတည်ချမှတ်ထားပါသည်။ ကျစ်လျစ်ခိုင်မာသော ကာယ၊ ဉာဏ၊ ဘာဝ၊ မိတ္တ၊ စာရိတ္တ ဗလငါးတန်သည် ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းအတွက် မဖြစ်မနေတည်ဆောက်ထားရမည့် အခြေခံလိုအပ်ချက်များဖြစ်သည်ကို မည်သည့်အခါမျှမမေ့အပ်ပါ။

> **ချမှတ်ထားသော လူမှုရေးဦးတည်ချက်များဖြင့် အရေးပါအရာရောက်လာမည့် လူငယ်များသည် နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေးဦးတည်ချက်များ အောင်မြင်စွာ ဖော်ဆောင်ရေးတွင်လည်း ရှေ့တန်းက အမာခံအင်အားများအဖြစ် ရပ်တည်လာနိုင်မည်ဟု ခံယူထားခြင်းပင်ဖြစ်သည်။ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ၊ ဖက်ဒရယ်ပြည်ထောင်စု စသည်ဖြင့် နိုင်ငံ၏လက်ရှိ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သော အရာအားလုံးအတွက်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ အသိအတတ်ပညာကိုအခြေခံသည့် စီးပွားရေးကို စိတ်အားထက်သန်စွာ လုပ်ကိုင်ကြစေရန်အတွက်လည်းကောင်း ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များကိုသာ ခိုင်မာသောအာမခံချက်တစ်ခုအဖြစ်မှတ်ယူ**

ကျန်းမာသန်စွမ်းသော၊ ဉာဏ်ပညာထက်မြက်သော၊ ရှိသင့်ရှိထိုက်သည့် ဥစ္စာဓနနှင့်ပြည့်စုံသော၊ မိတ်ကောင်းဆွေမွန်ပေါများသော၊ ကိုယ်ကျင့်တရားကောင်းသော လူငယ်များ ဖြစ်ထွန်းရာ ဝန်းကျင်တစ်ခုသည် အလွန်တရာနေချင့်စဖွယ် ဖြစ်ပါမည်။ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသော လူ့အဖွဲ့အစည်းမှာ မှီခိုအားထားရာ မဏ္ဍိုင်တစ်ခုအဖြစ် လူငယ်များကို အားကိုးအားထားပြုသည့်အတွက် ထိုလူမှုရေးဦးတည်ချက်များအားလုံးသည် ယနေ့ခေတ်လူငယ်များ၏ အလုံးစုံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဦးတည်ချက်များအဖြစ် အဓိပ္ပာယ်လေးနက်ပြီး ပြီးပြည့်စုံသည်ဟု မှတ်ယူမိပါသည်။

အနာဂတ်အာမခံချက်များ

မဂ်လာတရားနှင့် ညီညွတ်သော ဗလငါးတန်ဟူသည် အများအကျိုးကို ဆောင်ပါသည်။ ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းအဖြစ်လည်း ကမ္ဘာ့အလယ်တွင် ကြာရှည်ရပ်တည်နိုင်ပါသည်။ နိုင်ငံနှင့် ပြည်သူတို့ လိုလားသော စနစ်သစ်၊ ခေတ်သစ်များ တည်ထောင်ရာတွင်လည်း ကြီးစွာအထောက်အကူပြုပါသည်။ ထို့ကြောင့် မည်သည့်အခက်အခဲ၊ မည်သည့်စိန်ခေါ်မှုကိုမဆို လူငယ်ထု၏ စွမ်းပကားဖြင့် ဖြေရှင်းသွားနိုင်ပါလိမ့်မည်ဟု ယုံကြည်ပါသည်။

ဆိုလိုသည်မှာ ချမှတ်ထားသော လူမှုရေးဦးတည်ချက်များဖြင့် အရေးပါ အရာရောက်လာမည့် လူငယ်များသည် နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး ဦးတည်ချက်များ အောင်မြင်စွာ ဖော်ဆောင်ရေးတွင်လည်း ရှေ့တန်းက အမာခံအင်အားများအဖြစ် ရပ်တည်လာနိုင်မည်ဟု ခံယူထားခြင်းပင်ဖြစ်သည်။ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ၊ ဖက်ဒရယ်ပြည်ထောင်စု စသည်ဖြင့် နိုင်ငံ၏လက်ရှိ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သော အရာအားလုံးအတွက်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ အသိအတတ်ပညာကိုအခြေခံသည့် စီးပွားရေးကို စိတ်အားထက်သန်စွာ လုပ်ကိုင်ကြစေရန်အတွက်လည်းကောင်း ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များကိုသာ ခိုင်မာသောအာမခံချက်တစ်ခုအဖြစ် မှတ်ယူထားပါသည်။

ချမှတ်ထားသော လူငယ်မူဝါဒများနှင့်အညီ

နိုင်ငံတော်အနေဖြင့် ယနေ့လူငယ်များကို အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည်။ ပစ္စုပ္ပန်အတွက်ကော အနာဂတ်အတွက်ပါ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ သီးခြားခွဲထုတ်သတ်မှတ်ပြီး လူငယ်ရေးရာကော်မတီများဖွဲ့စည်း၍ လူငယ်ရေးရာမူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လူငယ်မူဝါဒများ၊ ရည်မှန်းချက်များ ပို၍ထိရောက်အောင်မြင်လာမည်ဖြစ်ပါသည်။

ချမှတ်ထားသော မူဝါဒများသည် ပညာရေး၊ ကျန်းမာရေး၊ မူးယစ်အန္တရာယ်၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊ နိုင်ငံရေး၊ သုတေသနသိပ္ပံနှင့် နည်းပညာ၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု နိုင်ငံတကာဆက်ဆံရေးနယ်ပယ်စသည့် အားလုံးသော ကဏ္ဍများတွင် အကျိုးဝင်အောင် ချမှတ်ထားသည်။ ထို့ကြောင့် မူဝါဒနှင့်အညီ ယနေ့ဆောင်ရွက်ပေးနေသော လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားပိုင်းများ၊ လူငယ်နှင့် စာပေအနုပညာပြပွဲများ၊ လူငယ်ငြိမ်းချမ်းရေးစကားပိုင်းများ၊ ကျောင်းသားအားကစားပွဲများ၊ နွေရာသီအားကစားသင်တန်းများ၊ အာဆီယံနှင့် ဒေသတွင်း လူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးခြင်း စသည့်လှုပ်ရှားမှုအားလုံးသည် ထိရောက်ထက်မြက်လျက်ရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

လက်ရှိဆောင်ရွက်နေမှုများက လူငယ်များ၏ အတွေးအမြင်များကို ပို၍ဆန်းသစ်လာစေသည်။ လက်တွေ့အလုပ်လုပ်ရာမှာ စွမ်းအားများဖြစ်ထွန်းစေသည်။ ပို၍ထိရောက်မှု ရှိရန်အတွက်မူ လူငယ်အားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆင်နွဲကြခြင်းဖြင့် မိမိတို့လူငယ်များ၏ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် ဘက်စုံစွမ်းရည်များကို ယခုထက်ပို၍ ပြသစေချင်ပါသည်။ ယခုအချိန်တွင် ယနေ့လူငယ်များအနေဖြင့် အနီးစပ်ဆုံး မိမိတို့၏ ရင်သွေးအနာဂတ်မျိုးဆက်များအတွက်ကိုပင် အမြော်အမြင်ရှိရှိ ရည်မှန်းချက်ထား၍ လိုအပ်နေသော စွမ်းရည်များကို ဖြည့်ဆည်းရန် အဆင်သင့်ဖြစ်နေရပေမည်။

မိဘများအနေဖြင့် မိမိတို့၏ သားသမီးအရွယ် လူငယ်များကို ရည်မှန်းချက်ကြီးကြီးဖြင့် ဂရုတစိုက် ပြုစုပျိုးထောင်နေခြင်းသည်ပင် နိုင်ငံ၏အမျိုးသားရေးကိစ္စတွင် ပါဝင်ထမ်းရွက်နေခြင်းမည်ပါ၏။ လူငယ်များအနေဖြင့် မိမိတို့ အခြေခံပညာရေးကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအသက်မွေးဝမ်းကျောင်းပညာရပ်များနှင့်လည်း ချိတ်ဆက်သင်ယူကြခြင်းဖြင့် လိုအပ်နေသော အလုပ်အကိုင်အခွင့်အလမ်းကို ကိုယ်ကိုယ်တိုင် ဖန်တီးယူရာရောက်ပါမည်။

စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှု၊ ကွန်ပျူတာဓာတ်ပုံ စသည်ဖြင့် ဒေသနှင့် လျော်ညီသော သင်တန်းအမျိုးအစားများစွာသည် မိမိတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများအဖြစ် ဖိတ်ခေါ်နေသည်ကို ရှာဖွေနိုင်စွမ်းရှိရပါမည်။ တစ်နည်းအားဖြင့် နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံကို ကိုယ်စားပြုသော အသက် (၁၅) နှစ်မှ (၃၅) နှစ်ကြား မြန်မာလူငယ်ထု၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနေခြင်းပင်ဖြစ်ကာ လူငယ်ထုကို ပို၍အားထားပြီး လူငယ်နှင့် လူကြီးအကြား မျိုးဆက်မပြတ်စေရန် အားထုတ်နေခြင်းလည်းဖြစ်ပါသည်။

ယနေ့ကမ္ဘာ့ပြဿနာများနှင့်အတူ တွဲ၍ပါလာသော စိန်ခေါ်မှုများ၊ တူညီသော ဘုံပြဿနာများကို မြန်မာအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများက လူငယ်ထုအများစု ကြုံတွေ့ရင်ဆိုင်နေရဆဲဖြစ်သည်။ အရေးအရာအားလုံးတွင် လူငယ်ထုကြီးကို ပူးပေါင်းပါဝင်ဖြေရှင်းစေလို၍လည်း နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့် လူငယ်ရေးရာအဖွဲ့များကို ဖွဲ့စည်းလမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ လူငယ်များကို ပိုမိုပါဝင်လာကြရန် ဖိတ်ခေါ်ပါသည်။ နိုင်ငံနှင့် လူမျိုးအတွက် တန်ဖိုးရှိရှိတာဝန်ကျေပွန်စေချင်၍ ဖြစ်သည်။

လူငယ်များအနေဖြင့် မိမိတို့၏ သဘောထားအမြင်များကို ဦးနှောက်နှင့်ခံယူပြီး မိမိအကျိုး၊ အများအကျိုးကို ယခုထက်ထမ်းပိုးဆောင်ရွက်ရန် အသင့်ရှိနေပြီဟုလည်း ယုံကြည်ပါသည်။ ထို့အတွက် လူငယ်များကို တိုက်တွန်းချင်သည်က ပညာကိုသာ အခြေခံပြီး လက်တွေ့နယ်ပယ်မှာ မိမိပညာကို အသုံးချဖြစ်အောင်ချပါ။ အတွေ့အကြုံများများ ရယူ၍ ကိုယ်ရည်ကိုယ်သွေးကို ပိုမိုတည်ဆောက်ပါ။ ပျက်အစဉ်ပြင်ခဏ ယူတတ်လျှင် သင်ခန်းစာချည်းဖြစ်၍ မိမိတို့ဘဝများကို ပိုတိုးတက်အောင် ကြိုးစားပြီး ဖွံ့ဖြိုးသည့် လူ့အဖွဲ့အစည်းကို ဖန်တီးရာမှာ ပါဝင်နိုင်သူများဖြစ်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

တောင်ကြီးမြို့၌ အသက်ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေး

တောင်ကြီး သြဂုတ် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် အသက်ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို သြဂုတ် ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော် ခန်းမ၌ ကျင်းပသည်။

ဟောပြောရှင်းလင်း

ဦးစွာ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး ပြည်သူ့ကျန်းမာရေး အာဟာရဌာနမှ ဆရာမဒေါ်မို့မို့လွင်က ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးများအားအာဟာရနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်းများ ဟောပြောရှင်းလင်းကြောင်း သိရသည်။

ပေးအပ်ခဲ့

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က အသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးပေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီး၊ ပြည်နယ်ဝန်ကြီးများ၏ ဇနီးများနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့က အဏုအာဟာရဆေးပြားများနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ ကိုယ်ဝန်ဆောင်မိခင် ၁၀၀၊ တောင်ကြီးမြို့ပေါ် မူလတန်းကြိုကျောင်းမှ အသက်ငါးနှစ်အောက်ကလေး ၂၂၀ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

■

ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၀၈ ခုစစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၁-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၂-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဘားအံမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလှုပ်ရှားမှု ဆောင်ရွက်

ဘားအံ သြဂုတ် ၂၂

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သြဂုတ် ၁၅ ရက်မှ ၃၀ ရက်အထိ တိရစ္ဆာန်ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ရပ်ကွက်/ ကျေးရွာများ၊ မွေးမြူရေးဇုန်များတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၂ ရက် နံနက်ပိုင်းက ဘားအံမြို့ လှာကဒေါင်မွေးမြူရေးဇုန်တွင် အသိပညာပေးလုပ်ငန်းများနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူး ဒေါက်တာ ခင်ငယ်အောင်က ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များတွင် ဖြစ်ပွားတတ်သည့်ရောဂါလက္ခဏာများနှင့် ကြိုတင်ကာကွယ်ကုသရေးနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး အဆိုပါ မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကာ ဝန်ထမ်းများက ဇုန်အတွင်းမွေးမြူထားသော တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးကြသည်။

တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အနေဖြင့် ဘားအံမြို့နယ်အတွင်း နွားကောင်ရေ ၈၂၀၊ ဝက်ကောင်ရေ ၁၅၀ နှင့် ဒေသကြက်ကောင်ရေ ၂၀၀၀ တို့ကို ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ပြီး ရပ်ကွက်/ ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

❖ **ကျောဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်ငါးရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ပြင်ဆင်ချမှတ်ခဲ့သည့် အခြေအနေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်မှုကိစ္စရပ်များ၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ PowerPoint Presentation များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာလင်းအောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းတို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက် သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်ပညာရေးတက္ကသိုလ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် သြဂုတ် ၂၂

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ အဆောင်မှူးများ၊ မော်ကွန်းထိန်းနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြစ်ကြီးနားမြို့၌ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မြစ်ကြီးနား သြဂုတ် ၂၂

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အစားအသောက်များ ပြုပြင်ထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်စနစ်များနှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲကို သြဂုတ် ၁၈ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းလွဲက အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ **နီပေါအသင်းမှ**

ဇွန်လနိုင်ငံတကာ ရက်သတ္တပတ်တွင် တရုတ်လက်ရွေးစင်အသင်း၊ မကာအိုလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

သတင်း - ကိုညီလေး၊ဓာတ်ပုံ - MFF

ဟွန်မာနက်အား ဝန်ကြီးချုပ်အဖြစ် ကမ္ဘောဒီးယားအမျိုးသားလွှတ်တော် အတည်ပြုခန့်အပ်

ဖနောင်ပင် သြဂုတ် ၂၂

ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်သည် ဟွန်မာနက်အား လာမည့်ငါးနှစ်သက်တမ်းအတွက် နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ယနေ့တွင် အတည်ပြုခန့်အပ်ခဲ့ကြောင်းသိရသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီက ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် ယခုကဲ့သို့ ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်ပိုင် TVK ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ဥပဒေပြုအမတ် ၁၂၃ ဦးက ဟွန်မာနက်အား ဝန်ကြီးချုပ်သစ်အဖြစ် တစ်ခဲနက်ထောက်ခံမဲပေးခဲ့ကြပြီး အမျိုးသားလွှတ်တော်ကလည်း ဝန်ကြီးချုပ်ဟွန်မာနက်၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို အတည်ပြုခန့်အပ်ခဲ့သည်။

ဝန်ကြီးချုပ်ဟွန်မာနက်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် သြဂုတ် ၂၂ ရက်တွင် နန်းတော်၌ ဘုရင်နိုရိုဒွန်ဆီဟာမိုနီ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသည်။ ယနေ့သည် ကမ္ဘောဒီးယားနိုင်ငံအတွက် သမိုင်းဝင်သည့် နေ့တစ်နေ့ဖြစ်ပြီး မိမိနှင့်အစိုးရအဖွဲ့အပေါ် ယုံကြည်မှုရှိစွာဖြင့် ထောက်ခံမဲပေးခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ လွတ်လပ်သော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိဦးဆောင်သည့် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆိုမှုအပြီးတွင် ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။ ထို့ပြင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်းရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် သန့်ရှင်းသည့် အုပ်ချုပ်ရေးစနစ်တိုးမြှင့်လာစေရေး၊ နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်း မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေး၊ တရားဥပဒေ စိုးမိုးရေးအပါအဝင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်လာစေရေးအတွက် အစိုးရက ဆောင်ရွက်သွားမည်ဟု ၎င်းကမှတ်ချက်ပြုပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

သီရိလင်္ကာနိုင်ငံ၌ မိုးခေါင်မှုကြောင့် စပါးစိုက်ဧက ၄၇၀၀၀ ကျော် ပျက်စီးခဲ့

ကိုလံဘို သြဂုတ် ၂၂

သီရိလင်္ကာနိုင်ငံ၌ မိုးခေါင်မှုကြောင့် စပါးစိုက်ဧက ၄၇၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း သီရိလင်္ကာစိုက်ပျိုးရေးဝန်ကြီး မာဟင်ဒါအမရာဝီရာက သြဂုတ် ၂၂ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် ဆန်လက်ကျန်များကျန်ရှိနေခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဆန်ပြတ်လပ်မှု ဖြစ်ပေါ်မည်မဟုတ်ကြောင်း သီရိလင်္ကာစိုက်ပျိုးရေးဝန်ကြီး မာဟင်ဒါအမရာဝီရာက ဒေသတွင်းမီဒီယာများအား ပြောကြားသည်။

ဆန်စပါးသည် သီရိလင်္ကာနိုင်ငံ၏အဓိကအစားအစာဖြစ်ပြီး နှစ်စဉ် ဆန်စပါးကို နှစ်ရာသီစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

လက်ရှိရာသီတွင် စပါးစိုက်ဧက ဟက်တာ ၅၀၃၀၀၀ ကျော် (၁၂၄၂၄၇၀ ဧက)အား ရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင်လည်း ရိတ်သိမ်းမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သီရိလင်္ကာစိုက်ပျိုးရေးဝန်ကြီး မာဟင်ဒါအမရာဝီရာက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ မိုးလေဝသဌာန၏ ခန့်မှန်းချက်အရ အချို့နေရာများတွင် နေ့စဉ်မိုးအနည်းငယ်ရွာသွန်းခြင်းမှလွဲ၍ မိုးခေါင်ရေရှားမှုဒဏ်ကို လာမည့်လကုန်အထိ ဆက်လက်ခံစားရဦးမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ကနေဒါနိုင်ငံက ဗြိတိသျှ ကိုလံဘီယာပြည်နယ်၌ တောမီးငြိမ်းသတ်ရန် စစ်တပ်ဖြန့်ကြက်ချထား

အော့ဘဝါ သြဂုတ် ၂၂

ကနေဒါနိုင်ငံသည် ဗြိတိသျှ ကိုလံဘီယာပြည်နယ်၌ ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့ဝင်များ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယင်းပြည်နယ်၌ စံချိန်တင်ဖြစ်ပွားခဲ့သော တောမီးအား ငြိမ်းသတ်ရန် စစ်တပ်ကို စေလွှတ်ထားကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါက သြဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ဗြိတိသျှ ကိုလံဘီယာပြည်နယ်၏ တောင်းဆိုချက်အရ ကနေဒါနိုင်ငံ ဗဟို အစိုးရက ကနေဒါလက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ဖြန့်ကြက်ထားပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးအတွက် အကူအညီများပေးလျက်ရှိကြောင်း ထရူးဒေါက ပြောကြားသည်။

ဗြိတိသျှ ကိုလံဘီယာပြည်နယ် ဝန်ကြီးချုပ် ဒေးဗစ်အက်ဘိုင်ကလည်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့် ဒေသများသို့ မလိုအပ်ဘဲ ခရီးသွားခြင်းကို တားမြစ်ခဲ့ပြီး သြဂုတ် ၂၀ ရက်တွင် ပြည်နယ်ဆိုင်ရာ အရေးပေါ်ကြေညာချက်ကို ကြေညာခဲ့သည်။

ပြည်နယ်တစ်ဝန်းရှိ လူပေါင်း ၃၅၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် ညွှန်ကြားထားကြောင်းနှင့် အခြားသော လူပေါင်း ၃၀၀၀၀ ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတိပေးထားကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

ထိုင်းနိုင်ငံ၌ ဖေထိုင်းပါတီဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့ကိုယ်စားလှယ် Srettha Thavisin ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရ

ဗန်ကောက် သြဂုတ် ၂၂

ထိုင်းနိုင်ငံတွင် ဖေထိုင်းပါတီ ဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့က ကျောထောက်နောက်ခံပြုထားသည့် ကိုယ်စားလှယ် အိမ်ခြံမြေလုပ်ငန်းရှင်ဟောင်း Srettha Thavisin သည် ထိုင်းပါလီမန်တွင် ဝန်ကြီးချုပ်အဖြစ် သြဂုတ် ၂၂ ရက်က ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

၎င်းသည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော် နှစ်ရပ်ပေါင်း မဲခွဲဆုံးဖြတ်ခဲ့ရာတွင် ဝန်ကြီးချုပ်ဖြစ်လာရန် ထောက်ခံမဲ အများဆုံးရရှိခဲ့သဖြင့် ဖေထိုင်းပါတီနှင့် ၎င်း၏မဟာမိတ်ပါတီများသည် အစိုးရသစ်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရန် လမ်းပွင့်သွားခဲ့ပြီး ထိုင်းနိုင်ငံ၏ နိုင်ငံရေးတွင် မတိုးသာမဆုတ်သာ အခြေအနေကို ကျော်လွှားနိုင်ခဲ့သည်။

ဖေထိုင်းပါတီက အစိုးရသစ်ဖွဲ့စည်းရေးအတွက် ၁၁ ပါတီ ညွှန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းကြောင်း သြဂုတ် ၂၁ ရက်တွင် ကြေညာခဲ့သည်။

ဖေထိုင်းပါတီသည် မေလအတွင်းက ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် မဲအများဆုံးရရှိခဲ့သည့် ရှေ့သို့လှမ်းချီပါတီ ပြီးလျှင် ဒုတိယမဲအများဆုံးရရှိသည့် ပါတီဖြစ်သည်။ သို့ရာတွင် ရှေ့သို့လှမ်းချီပါတီသည် ပါလီမန်၌ ဝန်ကြီးချုပ်ရွေးချယ်ရန်အတွက် လုံလောက်သည့် ထောက်ခံမဲ အရေအတွက် မရရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

ဗီယက်နမ်နိုင်ငံ၌ စက်မှုလုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခွန် ကောက်ခံမည်

ဟန္တိုင်း သြဂုတ် ၂၂

ဗီယက်နမ်နိုင်ငံသည် နိုင်ငံအတွင်း ကာဗွန်ဓာတ်ငွေ့ ထုတ်လုပ်မှုလျှော့ချရေး ရည်ရွယ်ဆောင်ရွက်ချက်အဖြစ် နိုင်ငံအတွင်းရှိအစိမ်းရောင်ဓာတ်ငွေ့ထုတ်လုပ်မှုများပြားသည့် စက်မှုလုပ်ငန်းများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အခွန် ကောက်ခံမည့်အစီအစဉ်အား ဘဏ္ဍာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက သတင်းရေးသားဖော်ပြသည်။

ယခုဆောင်ရွက်မည့် အစီအစဉ်အရ လေထုညစ်ညမ်းမှု ထုတ်လွှတ်သည့် စက်မှုလုပ်ငန်းများသည် ပုံသေအခွန်နှင့် ဆင့်ပွားအခွန်များ ပေးဆောင်ရမည်ဟု ပြည်တွင်းသတင်းစာ ဗီယက်နမ်သတင်းက ဖော်ပြသည်။ ယခုအခွန်ကောက်ခံမည့် စက်မှုလုပ်ငန်းများတွင် နိုက်ထရိုဂျင် အောက်ဆိုက်ဓာတ်ငွေ့၊ ဆာလဖာ အောက်ဆိုက်ဓာတ်ငွေ့၊ကာဗွန်မိုနောဆိုက်ဓာတ်ငွေ့နှင့် ဖုန်မှုန့်များ ထုတ်လွှတ်နိုင်သည့် စက်မှုလုပ်ငန်းများအကျုံးဝင်မည် ဖြစ်သည်။

အဆိုပါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအခွန်ကို ကောက်ခံခြင်းဖြင့် လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ရန်ပုံငွေ ဒေါင် ၁ ဒသမ ၂ ထရီလီယံ(ဒေါ်လာ ၅၀ ဒသမ ၄ သန်း)အထိ ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

သို့သော်လည်း ပြည်တွင်းကျွမ်းကျင်သူများက ၎င်းအခွန်ကောက်ခံမည့် အစီအစဉ်သည် စီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်နေရသော စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးအခြေအနေကို ဆိုးရွားစေမည်ဟု ထုတ်ဖော်ပြောဆိုကြသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခကြေးငွေများကို ပေးဆောင်ထားပြီးဖြစ်သော ယာဉ်ပိုင်ရှင်များကို အခွန်ထပ်မံကောက်ခံခြင်းအား မထောက်ခံကြောင်း စီးပွားရေးပညာရှင် Nguyen Khac Quoc Bao က ပြောကြားသည်။ နိုင်ငံအတွင်း လေထုထဲသို့ နေ့စဉ်ထုတ်လွှတ်သည့် ညစ်ညမ်းမှုပမာဏသည် ပြင်းထန်သော အရေးယူမှုများ ဆောင်ရွက်ရန် လိုအပ်သည့်အဆင့်သို့ ရောက်ရှိသွားပြီ ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက မှတ်ချက်ပြုသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ်(မွမ်းမံ)သင်တန်း ဖွင့်လှစ်

ရန်ကုန် သြဂုတ် ၂၂

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ လက်ထောက် မီးသတ်ဦးစီးမှူး လောင်းသင်တန်း အမှတ်စဉ် (၂၁/၂၀၂၂)ဆင်း အရာရှိသင်တန်းသား သင်တန်းသူ ၄၂ ဦးတို့အား သြဂုတ် ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းလျား ရေပြင်တွင် ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းစနစ် (မွမ်းမံ) သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းတွင် စက်လှေတစ်စင်း ချင်းမောင်းနှင်ခြင်း၊ နှစ်စင်း ရင်ပေါင်တန်း မောင်းနှင်ခြင်း၊ ရေနစ်သူအား Intelligent Lifebuoy နှင့် LineShooter အသုံးပြုကယ်ဆယ်ခြင်း၊ ရေပြင်အတွင်း မီးငြိမ်းသတ်ခြင်းနည်းစနစ်များကို သင်ကြားပေးသွားမည်ဖြစ်သည်။

ကြည့်ရှုအားပေး

သင်တန်းသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးရဲမင်းသူနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ သင်တန်းကာလ ငါးရက်တွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက အနီးကပ်ကြီးကြပ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် သြဂုတ် ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများကနွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာ စာသင်ကျောင်းအား မီးရှို့ဖျက်ဆီး၊ကူညီရေးအသင်းယာဉ်အား အဝေးထိန်းမိုင်းများဖြင့် ဖောက်ခွဲသည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၂၃-၈-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ လူသတ်၊ ဓားပြတိုက်ရာမှ ကိုယ်ဝန်ဆောင်မိခင်ကိုပါ သတ်ဖြတ်မိပြီး လက်လွန်ကာမှ ဖုံးမရတဲ့ဖြစ်ရပ်"** ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် စက်သုံးဆီ၊ သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ကျောက္ကာလမ်းမအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် စက်သုံးဆီ 92 ဓာတ်ဆီ ၁၇၅ ဂါလန်နှင့် ချက်ဆီ ဂါလန် ၆၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သြဂုတ် ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်း မိုင်တိုင်အမှတ် ၁၄ မိုင် လေးဖာလုံနေရာ၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းခွဲသား ၅ ဒသမ ၃၁၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄,၃၂,၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၀,၀၀,၀၀,၀)ကိုလည်းကောင်း၊ မန္တလေး-မူဆယ်ကားလမ်း မိုင်တိုင်အမှတ် ၂၄ မိုင် တစ်ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Brand New Car Spare Parts (Crown Pinion Set) ကီလိုဂရမ် ၁၃,၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅,၆၀,၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၀၀,၀၀,၀၀,၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈,၄,၉,၆,၂,၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ၫင်းအပြင် သြဂုတ် ၂၀ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုင်းဆတ်မြို့မှ နမ့်ကျန်းကျေးရွာသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် LEO Beer ဘူး ၁၂၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅,၀၀,၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၀၀,၀၀,၀၀,၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၁၁,၅,၀,၀,၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း

စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နောင်ဆိုင်းကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ပိတောက်သစ်ခွဲသား သုည ဒသမ ၁၈၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၅,၀,၀,၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သြဂုတ် ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့အနီး၌ ကေ့ကရိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli ဖာ ၂၄၀၊ Gaysorn Vegetable Cooking Oil ဘူး ၁၆၀၊ Child Jean Short Pen အထည် ၄၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၆,၇,၁,၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၀၀,၀၀,၀၀,၀)ကိုလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် အတွင်း၌ တရားမဝင်ကျွန်းသစ် ၈ ဒသမ ၆၃၆ တန်၊ သစ်မာ ၁ ဒသမ ၈၆၁ တန်နှင့် အခြားသစ် ၁ ဒသမ ၁၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈,၀,၄,၅,၁,၆) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၅,၃,၇,၁,၈ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သြဂုတ် ၁၅ ရက်၊ ၁၈ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၄,၆,၉,၆,၄,၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၈-၂၀၂၃ ဗုဒ္ဓဟူးနေ့

MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဝင္ရသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ထိုးဖုသည်...ငွေ
- **၀၉:၁၀** စိုက်ပျိုးမွေးမြူသုတာဘက်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** ရွှေပွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တယာမျက်နှာဖုံး'** (အပိုင်း-၃၄)
- **၁၃:၀၀** သိချင်းကြီးပဒေသာ
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ထာဝရိုး'** (အပိုင်း-၂)
- **၁၅:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရုန့်လွင့်ဖျံ့အမုန်း'** (အပိုင်း-၂)
- **၁၆:၀၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ 'မြန်မာနိုင်ငံနှင့်ဒေသတွင်းနိုင်ငံများ' (အပိုင်း-၁)
- **၁၆:၃၀** လူမှုဘဝထဲကစတွေ့
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) **'ညားကိုညားဝေရမယ်'**
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'တယာမျက်နှာဖုံး'** (အပိုင်း-၃၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဗိုးလေဝသအခြေအနေ
- **၂၁:၀၀** နိုင်ပါတော်လာဇာတ်သဘင်မဟာ **'လည်ပွဲနှင့်ချည်ထွေးတရားစီရင်ခန်း'**
- **၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ထာဝရိုး'** (အပိုင်း-၄)

mtv

- **07:01** Evergreen Classic : Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
- **07:07** Myanmar Puppeteers (Ogre Dance)
- **07:17** Discovering Tribes: Da Nu (Their Life and Customs) Part
- **07:34** Taung Byone Nat Festival (Ep-2)
- **08:01** News
- **08:26** Bagan: The Land of Pagoda
- **08:52** Myanmar Masterclass: Still Life (glass)
- **09:01** Myanmar Sculpture-work of Art)
- **09:17** Bamboo Fashion in Style
- **09:28** The Lives of Stone Slab and Mortar Makers
- **09:45** Ywar Thit's Monhinkhar
- **10:01** News

MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ချစ်သောဖော်ရှည်ပြိုင်
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျှာများ(သဘာဝာတ)
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** သူတို့ဒေသသူတို့ဘာ၀
- **၀ (၁၂:၀၀ မှ ၁၄:၀၀)** မြင်းဈာရွက်နှင့်ကျန်းမာရေး
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ကချင်ဘာသာစကားပြောကြရအောင်
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကိုယ်ဝန်ဆောင်မိခင်များအတွက်ကျန်းမာရေးဆိုင်ရာ ၀ဟုသုတ
- **၀ကေကရင် (၁၈:၀၀ မှ ၁၉:၀၀)** ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံ
- **အနောက်မိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)
- **အရှေ့မိုးကရင် (၂၀:၀၀ မှ ၂၂:၀၀)** ကရင်ထေားရေးထေားဆိုအနုပညာရှင်ကျော်ဆူးနှင့် တေ့ဆုံမေးမြန်းခြင်း
- **ချင်း (လိုင်ဆိုး) (၂၂:၀၀ မှ ၂၂:၀၀)** ခွန်အားပြည်ပြိုးချင်းရိုးရာရာသူရဲ
- **ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** လေ့ခွင်းတောင်(အပိုင်း-၂)

MRTV NEWS

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၃၀** အားကစားသတင်း
- **၀၈:၄၅** Success Story
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၁၅** ယူနန်ရဲ့ဟုန်ဒေသ(အပိုင်း-၃)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၃:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၉:၄၅** Football Highlights
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၂:၀၀** ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအခြေခံဓာတ်လမ်းတို **'ရေလာနဲ့ ဒေါ်သ'**
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂)
- **၁၁:၀၀** နိုင်ငံတကာလွှမ်းတောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄)
- **၁၈:၀၀** Economic Review (အပိုင်း-၁၆)

MRTV FARMERS' HD

- **၀၆:၀၀** အဖွင့်နိုင်ငံတော်သီချင်း
- **၀၆:၀၅** စပါးသီးနှံသုတေသနဝဟိဌာန၏သုတေသနဝရီးစဉ်
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၀** Modern Agriculture Machines Harvesting Tons of Fennel, Red Cabbage, Green Onion, Broccoli
- **၁၈:၃၀** ကျွန်ပခင်ပွန်း၏လျှို့ဝှက်ချက်(အပိုင်း-၅)
- **၁၉:၀၀** အငေမဟုတ်သောမိခင်များ(အပိုင်း-၁)
- **၂၂:၀၀** တောင်ထားဇန်(အပိုင်း-၂)
- **၂၃:၀၀** A visit to Wambugu Apples Farmer in Kilimambogo
- **၂၃:၃၀** Most Satisfying Agriculture Machines and Ingenious Tools

MRTV SPORTS HD

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၀** Sports Diary
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း

Education Channel ကို ဇေယျာ်နန္တာ(၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း(၂၅)နာရီ ထုတ်လွှင့်ပြသပေးသွားကြရမည်ဖြစ်သည်

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ထားဝယ် သြဂုတ် ၂၂

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲသို့တက်ရောက်လာသော အမျိုးသား သရက်ချောင်းမြို့နယ်အသင်းနှင့် မြိတ်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားသမားနှင့်အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးရာ သရက်ချောင်းမြို့နယ်အသင်းက အနိုင်ရရှိသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုက ပွဲစဉ်တစ်လျှောက် ပါဝင်ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက အမျိုးသမီးအကောင်းဆုံးအားကစားဆု ရရှိသူ အားလည်းကောင်း၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက အမျိုးသားအကောင်းဆုံးအားကစားဆု ရရှိသူအားလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ကျော်က အမျိုးသားဒုတိယဆုရရှိသော မြိတ်မြို့နယ်အသင်းအားလည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က အမျိုးသမီးဒုတိယဆုရရှိသော ထားဝယ်မြို့နယ်အသင်းအားလည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးတို့က အမျိုးသားအမျိုးသမီးပထမဆုရရှိသည့် သရက်ချောင်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနီနဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း သြဂုတ် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Myat Min" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ ဒုလ္လဘရဟန်းဝတ်နေသည့် ဥဋ္ဌေးပုည(ခ)မြတ်မင်းအား မွန်းလွဲ ၁ နာရီခွဲတွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း၊ ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၈-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၂၅၀	၂၂၉၅	၂၂၉၀	၂၂၅၅	၂၂၉၅	၂၃၂၀	၂၃၀၅	၂၂၈၀	၂၃၈၀	၂၃၉၅	၂၂၈၅	၂၂၉၅	၂၃၃၅	၂၃၃၅	၂၃၃၅	၂၅၆၅	၃၃၁၅
95 Ron	၂၃၆၅	၂၄၁၅	၂၄၁၅	၂၃၇၅	၂၄၁၅	၂၄၄၀	၂၄၂၅	၂၄၀၀	၂၅၀၀	၂၅၁၅	၂၄၀၅	၂၄၂၅	၂၄၅၀	၂၄၅၅	၂၄၅၅	၂၆၈၅	၃၄၁၅
HSD (500 ppm)	၂၄၀၅	၂၄၅၅	၂၄၅၀	၂၄၁၅	၂၄၅၅	၂၄၇၅	၂၄၇၀	၂၄၄၀	၂၅၆၀	၂၅၅၅	၂၄၄၅	၂၄၅၅	၂၄၉၀	၂၄၉၀	၂၄၉၅	၂၇၂၅	၃၄၁၅
HSD (50 ppm)	၂၄၀၀	၂၅၃၀	၂၅၃၀	၂၄၉၀	၂၅၃၀	၂၅၅၅	၂၅၅၀	၂၅၁၅	၂၆၃၅	၂၆၃၀	၂၅၂၀	၂၅၃၅	၂၅၆၅	၂၅၇၀	၂၅၇၀	၂၈၀၀	၃၄၇၅
HSD (10 ppm)	၂၄၈၀	၂၅၃၀	၂၅၃၀	၂၄၉၀	၂၅၃၀	၂၅၅၅	၂၅၅၀	၂၅၁၅	၂၆၃၅	၂၆၃၀	၂၅၂၀	၂၅၃၅	၂၅၆၅	၂၅၇၀	၂၅၇၀	၂၈၀၀	၃၄၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၃၇	၂၂၁၃
95 Ron	၂၂၅၃	၂၃၃၂
HSD (500 ppm)	၂၂၉၁	၂၃၆၆
HSD (50 ppm)	၂၃၆၄	၂၄၄၁
HSD (10 ppm)	၂၃၆၄	၂၄၄၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကုန်သွယ်/စီးပွား

ရှမ်းတောင်ဒေသ ဆိုက်ခေါင်မြို့ထွက် ကျောင်းချယ်ပျားနာနတ်

ဆိုက်ခေါင် သြဂုတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆိုက်ခေါင်မြို့ အနီးတစ်ဝိုက်ရှိ ကျောင်းချယ်၊ လွယ်ဆမ်ဆစ်ကျေးရွာများတွင် ဆိုက်ခေါင်နာနတ်(ခေါ်) ပျားနာနတ်ကို အများဆုံးစိုက်ပျိုးလေ့ရှိရာ ဆိုက်ခေါင်နာနတ်သီးသည် အခွံပါးပြီး အသားထူ၍ အူတိုင်သေးသော အသီးများဖြစ်သည်နှင့်အညီ ပျားရည်ကဲ့သို့ချိုသော အရသာရှိသောကြောင့် အများအားဖြင့် ပျားနာနတ်ဟူ၍လည်း တင်စားခေါ်ဝေါ်ကြသည်။

ဆိုက်ခေါင်နာနတ်သီးတွင် ဆိုက်ခေါင်ကျောက်စိမ်းသီး၊ ဆိုက်ခေါင်ပျားနာနတ်ဟူ၍လည်း အမျိုးအစားကွဲပြားမှုရှိပြီး ဆိုက်ခေါင်ကျောက်စိမ်းသီး လက်လီဈေးနှုန်းမှာ အလုံးအလတ် တစ်လုံးလျှင် ကျပ် ၇၀၀-၈၀၀ ဖြင့် လည်းကောင်း၊ အလုံးကြီးတစ်လုံးလျှင် ကျပ် ၉၀၀-၁၁၀၀ဖြင့်လည်းကောင်း ဈေးကွက်အတွင်း ရောင်းချလေ့ရှိပြီး ဆိုက်ခေါင်ပျားနာနတ်၏ လက်လီဈေးနှုန်းမှာ ကျပ်၂၅၀၀-၃၀၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။ ပျားနာနတ်သီးကို အသေး/ အလတ်/ အကြီးဟူ၍အရွယ်အစား သုံးမျိုးခွဲခြား၍ လက်ကားဝယ်ယူသူများဆီသို့တင်ပို့လျက်ရှိရာတွင် အသီး၏ အသေး/ အလတ်/အကြီးစသည့် အလေးချိန်နှင့် အရွယ်အစားပေါ်မူတည်၍ ၅၀ ကျပ်သားအောက် အလုံးများကို တစ်ခြင်းလျှင် အလုံး ၄၀ ခန့် ဝင်ဆံ့သောခြင်းများဖြင့် လည်းကောင်း၊ ၅၀ ကျပ်သားနှင့်အထက် တစ်ပိသာအောက်အလုံးများကို တစ်ခြင်းလျှင် အလုံး ၄၀ ခန့် ဝင်ဆံ့ သော ခြင်းများဖြင့်လည်းကောင်း၊ တစ်ပိသာအထက် အလုံးများကို တစ်ခြင်းလျှင်အလုံး ၃၀ ခန့် ဝင်ဆံ့သောခြင်းများဖြင့် လည်းကောင်း ဒေသတွင်းရောင်းချလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့များသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဆိုက်ခေါင် (ကျောင်းချယ်) ပျားနာနတ်သည် ဇူလိုင်လ အလယ်တွင် စတင်ထွက်ပေါ်ပြီး သြဂုတ်လတွင် လှိုင်လှိုင်ထွက်ရှိကာ စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

တာချီလိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ် သြဂုတ် ၂၂

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ သြဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်းတန်ချိန် ၁၀ဝဂ၇ တန်၊ ကြက်သွန်ဖြူတန်ချိန် ၂၄၉ ဒသမ ၅ တန်၊ ကြက်သွန်နီတန်ချိန် ၄၅ တန်နှင့် အခြားကုန်ကြမ်းပစ္စည်းများ တန်ချိန် ၁၈၈ တန် တင်ပို့နိုင်ခဲ့သည်။ တာချီလိတ် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ လေးမိုင်ဂိတ်၊ တာကော်တံတားဂိတ်၊ ကျိုင်းတုံ (နောင်နွန်းဂိတ်)၊ မိုင်းဖြတ်ဂိတ်၊ ဂေ့ရဲဂိတ်တို့မှ ပို့ကုန်ယာဉ်များအား ကုန်ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ် (QR) စစ်ဆေး၍ ဆောင်ရွက်နေသည့်အတွက် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့လျက်ရှိသည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် စက်သုံးဆီနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ယခုအပတ်တွင် ဘိလပ်မြေ၊ ရေနံထွက်ပစ္စည်း (ဒီဇယ်/ဓာတ်ဆီ)၊ တွင်းထွက် (သတ္တုမှုအပ)၊ ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်း၊ သုတ်ဆေး/ပေါ်လစ်များ၊ သွပ်ပြားတို့ တင်သွင်းခဲ့သည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

အလုပ်ရအောင် ရှာနည်း

ပီမိုးနင်း

(၂-၅-၂၀၂၃ ရက်နေ့မှအဆက်)

အဆုံး၌ အဟုတ်တကယ် စိတ်အားထက်သန်၊ သစ္စာမှန်ကန်၍ ထိထိရောက်ရောက်အကျိုးဆောင်မည့်သူကို အလိုရှိကြောင်း သိရသည့်အတိုင်း ကျွန်တော်လျှောက်ထားခြင်းဖြစ်၍ သင့်လျော်သော အချိန်၌ မေးမြန်းစုံစမ်းခြင်းများခံရန် အသင့်ရှိပါသဖြင့် အကြောင်းကို ပြန်ကြားအမိန့်ရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ကျွန်တော်၏အရည်အချင်း၊ စိတ်သဘောထား၊ အကျင့်စာရိတ္တ၊ အလုပ်အကိုင်များနှင့် ပတ်သက်၍ သက်သေခံစာများကို ဤတွင်ပူးတွဲထည့်လိုက်ပါကြောင်း။ လခအကြောင်းမှာ တွေ့ကြုံပြောဆိုရာ၌ အမိန့်ကိုနာခံရန် အသင့်ရှိပါကြောင်း... ဟူသောစကားမျိုးသည် နည်းစနစ်ကောင်းဖြစ်လေသည်။

ကျွန်တော်၏လုံ့လ၊ ဝီရိယ စိတ်အားထက်သန်ခြင်းသည် စိတ်ကျေနပ်ခြင်းကို ကောင်းစွာဖြစ်ပေလိမ့်မည်ဟု စိတ်ချယုံကြည်ပါကြောင်းဟူ၍လည်း ရေးနိုင်သည်။

လူကြီးမင်းများတိုက်မှာ အရည်အချင်းရှိ၍ ကြိုးစားနိုင်သလောက် အရှည်သဖြင့် ကြီးပွားတိုးတက်နိုင်သောလမ်းများ များစွာရှိသည်ကို သိရသည့်အတွက် လုပ်ကိုင်အသုံးခံရန် များစွာစိတ်အားထက်သန်၍ နေပါသည် ဟူသောစကားမှာ မသိမသာ မြှောက်ပင့်ခြင်းတစ်မျိုးဖြစ်ရာ နားဝင်ချိုသောစကားဖြစ်လေသည်။ သိသိသာသာမြှောက်ပင့်ခြင်းကို သတိနှင့် ရှောင်ကြဉ်ရာ၏။

ကိုယ်တိုင်သွားရောက်ပြောဆိုရရန်ရှိလျှင် များစွာအားတက်ဖွယ်ရာကောင်းလေသည်။ အကြောင်းမူကား သင့်တော်လျှင်အလုပ်ရတော့မည်မှာ သေချာပြီဖြစ်လေရာ ပထမဦးဆုံး တွေ့ကြုံပြောဆိုခြင်း၌ နေရာကျလျှင် နောင်အရှည်သဖြင့် ကြီးပွားတိုးတက်ရန် လမ်းအခွင့်ကောင်းတံခါးကို ဖွင့်ရသည်နှင့် တူလေသည်။ စကားဌ၌လည်းကောင်း၊ စာ၌လည်းကောင်း မိမိ၏အစွမ်းသတ္တိကို အဟုတ်တကယ် စိတ်ချယုံကြည်သည့် အမူအရာရှိစေရမည်။ စကားပြောခြင်း၌ ကြောက်ရွံ့ရန်လုံးလုံးမရှိပေ။ သပ်ရပ်စွာ ဝတ်ဆင်ရန်၊ လက်သည်းများ သန့်ရှင်းရန်၊ မျက်နှာကြည်လင်ရန်၊ အစစအရာရာမှာ ကျစ်လျစ်ရန်၊ သွက်လက်လျင်မြန်ထက်မြက်ပေါက်ရောက်သော အမူအရာရှိရန်၊ ရဲရင့်ရန်သာ လိုလေသည်။ လူများ၏စိတ်၌ ပထမအမြင်သည် စွဲ၍နေတတ်သဖြင့် ထိုပထမအတွေ့မှာ ပြောစရာ၊ ဆိုစရာ၊ ဖြေစရာဟူသမျှကို သွက်လက်လျင်မြန်စွာဖြေနိုင်ရန် တင်ကြို၍ ပြင်ဆင်ထားဖို့လိုလေသည်။ ရဲတင်းအားကြီးခြင်းသည် မကောင်းသောအမူအရာဖြစ်လေသည်။ ထိုပထမအတွေ့ကို အရေးကြီးသောအချက်ကောင်းကြီးဟု သဘောထားရမည်။ ထိုတွေ့ကြုံခြင်းမှာ အကျိုးယုတ်ရန် မရှိ။ အကျိုးများရန်သာရှိလေသည်။

သို့တွေ့ကြုံရန်သွားသည့်အခါ မွတ်သိပ်ဆာလောင်ခြင်းနှင့် စိတ်အားကိုယ်အား ဆုတ်ယုတ်ခြင်းမဖြစ်စေရအောင် ဝမ်း၌ အစာစားပြီး ရှိစေရမည်။ သန့်ရှင်းစင်ကြယ်သပ်ရပ်ခြင်းသည် အထူးအရေးကြီး၏။ ချွေးတွေသံတွေနှင့် မောကြီးပန်းကြီးဖြစ်လျက် ကြောက်ရွံ့သော အသွင်ရှိ၍နေလျှင် အရေးနိမ့်မည်ဟု မှတ်ရမည်။ တွေ့ကြုံရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်၍နေရမည်။ စကားပြောရာ၌ မတ်မတ်ရပ်လျက် မျက်နှာကိုကြည့်၍ ပြောရမည်။ မျက်နှာကို ရဲရဲမကြည့်ဝံ့လျှင် မရိုးမသားသူဟူ၍ပင် မှတ်ထင်ခြင်းခံရတတ်လေသည်။

မိမိက အပြောမများရ၊ မေးသောစကားကို ပြေလည်အောင် ရှင်းလင်းသေချာ လျင်မြန်စွာဖြေဖို့သာ လိုလေသည်။

သို့တွေ့ရာ၌ သူ့ဌေးမှာ အလုပ်တစ်ခုခုကို လုပ်၍နေတတ်၏။ လျှောက်လွှာနှင့် သက်သေခံစာများကိုကြည့်ပြီး ဖတ်သလိုလိုလုပ်ကာ လူကဲကိုစမ်းရန် မေးတတ်လေသည်။ အသက်ဘယ်လောက်ရှိသလဲဟု ပြောပြီး လျှောက်လွှာကိုပြန်၍ ကြည့်သလိုလို လုပ်တတ်၏။ စင်စစ်မှာ ကြည့်လေ့မရှိပေ။

သည်နှစ် မေလ ငါးရက်နေ့မှာ ၂၅ နှစ် ပြည့်ခဲ့ပါသည်။

ဘယ်အတန်း အောင်သလဲ။

စိန်ပေါမှာ ၃၁ ခုနှစ်က ဆယ်တန်းအောင်ခဲ့ပါတယ်။ ကျောင်းကထွက်ပြီး စာရင်းကိုင်အတတ်ကို သင်ခဲ့ပါတယ်။

အောင်ခဲ့သလား။

အောင်ခဲ့ပါတယ်။ သည့်နောက် စာလုံးစက်နှင့် စာပေးစာယူအလုပ်များကို သင်ခဲ့ပါတယ်။

ဒီပုံဖြင့် မင်းအလုပ်အကိုင်ဘက်မှာ အတော်စိတ်ပါတဲ့ပုံရှိတာပဲ။

အများကြီး စိတ်ပါပါတယ်။ နေရာကောင်းတစ်ခုကို ရလျှင် ကျွန်တော်တစ်သက်လုံးအဖို့ပဲလို့ တွက်ထားပါတယ်။

ဘယ်မှာများအလုပ်လုပ်ခဲ့ဖူးသေးသလဲ။

ဤမေးခွန်းများသည် လူကဲခတ်ရန်သော်လည်းကောင်း၊ အကျိုးအကြောင်းကို သိလိုသောစိတ်ကြောင့်လည်းကောင်း မေးတတ်လေသည်။ သို့အတွက် မကြောက်လည်း မကြောက်၊ ရဲတင်းခြင်းလည်း မရှိစေဘဲ အေးအေးဆေးဆေး လျင်မြန်စွာပြန်၍ပြောနိုင်ရန် အသင့်ပြင်၍ထားဖို့ အရေးကြီးလေသည်။

ကျွန်တော်အလုပ်မှာ စာရင်းကိုင်စာရေးအလုပ်ကို တစ်နှစ်လုပ်ပြီး လန်ဒန်ထရေဒင်မှာ ကိုးလ လုပ်ခဲ့ပါတယ်။

ဘာဖြစ်လို့ ထွက်သလဲ။

ကြီးပွားတိုးတက်ဖို့လမ်း များများမမြင်လို့ သဘောအတိုင်း ထွက်ခဲ့ပါတယ်။

ထို့နောက် ဘောကစားတတ်သလား၊ အခြားအဘယ်အလုပ်များ လုပ်တတ်သေးလဲ ... စသည်များကိုလည်း မေးတတ်လေသည်။

ထိုမေးခွန်းများကို လွယ်ကူစွာဖြေဆိုရန် အသင့်ပြင်ဆင်၍ ထားသူမှာ ခက်ခဲခြင်းမရှိပေ။ အကယ်၍ ဘောကစားလျှင် ထိုအကြောင်းနှင့်ပတ်သက်၍ နားထောင်၍ကောင်းအောင်သော် လည်းကောင်း၊ မိမိကျွမ်းကျင်သမျှကိုသော်လည်းကောင်း ပြောပြရမည်။ အကြောင်းမူကား အလုပ်ပိုင်ရှင်များမှာ မိမိတို့၏အလုပ်သမားများအကြောင်းကို သိလိုသောစိတ် ရှိတတ်ကြလေသည်။

စင်စစ်မှာ ကြောက်ရွံ့စရာတစ်စုံတစ်ရာမရှိ။ နှစ်ဦးအကျိုးဖြစ်ပြောဆိုရ၍နေကြသလို သဘောထားဖို့သာ ရှိလေသည်။ စကားရှည်လျားခြင်း၊ ထစ်ခြင်း၊ မဆီမဆိုင်ခြင်းများ မရှိစေရအောင် သတိထားဖို့သာ လိုလေသည်။ ချိန်းသောအချိန်ကိုလည်း မှန်စွာရောက်ဖို့ရန် ကြိုးစားအပ်ပေသည်။ အဝတ်အစား သပ်ရပ်သားနား၊ အချိုးအစားကျခြင်း၊ သန့်ရှင်းခြင်း၊ လက်သည်းများ၊ သွားများ၊ မျက်လုံးများ၌ အညစ်အကြေးမရှိခြင်း၊ ကိုယ်နံ့၊ ခံတွင်းနံ့ စသည့်အနံ့ဆိုးများကင်းခြင်း၊ စကားသွက်ခြင်း၊ မရဲလွန်းခြင်း၊ အကြောက်အရွံ့ကင်းခြင်း၊ ယောက်ျားဝီသခြင်း၊ တည်ငြိမ်သော မျက်စိနှင့် သူ့ဌေး၏မျက်နှာကို တည့်တည့်ကြည့်၍ပြောခြင်း၊ ဤအသွင်အပြင်တို့သည် အထူးအရေးကြီးလေသည်။

ငါ့ကိုသဘောကျအောင် အဘယ်ပုံပြောရမလဲ၊ သနားအောင် အဘယ်ပုံမျက်နှာထားရမလဲဟူသော စိတ်ထားမရှိစေဘဲ အသနားခံရန် ငါလာသည်မဟုတ်၊ ငါ၏ အစွမ်းသတ္တိကို တန်ရာတန်ဖိုးနှင့် ရောင်းရန်လာခြင်းဟု သဘောထားရမည်။ ရှိခိုးတော့မလိုလို၊ ကုန်းတော့မလို ကွတော့မလို၊ ကြောက်ရွံ့ရိုသေသလို အမူအရာမျိုးကို ဥရောပတိုင်းသားသူ့ဌေးများ အလိုမရှိ၊ မြန်မာသူ့ဌေးများမှာမူ ရှိကောင်းရှိပေလိမ့်မည်။ ထိုအရာ၌ ဆံထုံး ထုံး၊ ရွှာခလေ့ဟူသောစကားအတိုင်း ကျင့်ရမည်။

လခပေးရ၍ ခိုင်းသူတို့သည် မိမိကို အသုံးပြုမည့်သူနှင့် ပတ်သက်သည့်အကြောင်းအရာများကို သိလိုသောစိတ် ရှိတတ်ကြလေသည်။ သို့ဖြစ်လေရာ မေးလျှင် ပြတ်သားလွယ်ကူစွာ ဟုတ်တိုင်းမှန်ရာ မိမိ၏ဂုဏ်ရောင်ကို မထိခိုက်ရအောင် ကောက်ကာင်ကာ ဖြေတတ်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်ရမည်။

"စကားထဲက ဇာတိပြ" ဟူသော စကားအရ စကားကို အထူး သတိထားဆင်ခြင်ရမည်။ ။

အမှတ် ၈၊ တိုးတက်ရေးမဂ္ဂဇင်း၊ ၁၊ မေလ၊ ၁၉၃၄။

ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်



ဝေးဝေးကိုကြည့်မြင်ပါ

"အခြားလူတွေထက် ကျွန်တော်က ပိုပြီးဝေးဝေးကို မြင်နိုင်တယ်ဆိုရင် အဲဒါဘာကြောင့်လဲဆိုတော့ အရပ်အမောင်းမြင့်မားတဲ့ ရှေ့ကပညာရှိ၊ ပညာရှင်တွေရဲ့ပခုံးပေါ်ကို ကျွန်တော်က တက်ပြီးရပ်ခဲ့လို့ ဖြစ်မှာပဲ"

သိပ္ပံပညာရှင်ကြီး အိုက်ဆက်နယူတန် (၁၆၄၂-၁၇၇၂)

ကြီးပွားချမ်းသာလိုသောသူသည် သူတကာထက် ပိုပြီးကြိုးစားရပေမည်။ သူတကာမြင်သည်ထက် ပိုမိုမြင်နိုင်စွမ်းရှိရပေမည်။ သူတကာထက် ထိုးထွင်းသိမြင်နိုင်စွမ်းလည်း ရှိရမည်ဖြစ်သည်။

"အခြားလူတွေထက် ကျွန်တော်က ပိုပြီးဝေးဝေးကို မြင်နိုင်တယ်ဆိုရင် အဲဒါဘာကြောင့်လဲဆိုတော့ အရပ်အမောင်းမြင့်မားတဲ့ ရှေ့ကပညာရှိ၊ ပညာရှင်တွေရဲ့ပခုံးပေါ်ကို ကျွန်တော်က တက်ပြီးရပ်ခဲ့လို့ ဖြစ်မှာပဲ"ဟူ၍ သိပ္ပံပညာရှင်ကြီး အိုက်ဆက်နယူတန်က အခိုင်အမာပြောကြားထားပြီးဖြစ်သည်။

တန်ဖိုးမဖြတ်နိုင်သော ယင်းစကား၏ဆိုလိုရင်းမှာ သိပ္ပံပညာရှင်ကြီးသည် စာပေများ လေ့လာဖတ်ရှုခဲ့မှုကြောင့် အသိအမြင်များ ပိုပြီးကြွယ်ဝကာ အသိအမြင်လောက ကျယ်ဝန်းလာခဲ့ခြင်းကို တင်စားပြောကြားခဲ့ခြင်းဟုလည်း မှတ်သားဖူးပါသည်။

ကမ္ဘာကျော် အောင်မြင်သူပုဂ္ဂိုလ်ကြီးများ အကြောင်းနှင့် ထိုပုဂ္ဂိုလ်ကြီးများ၏ အဆိုအမိန့်၊ လမ်းညွှန်စကားများကို ရင်းနှီးကျွမ်းဝင်မှုရှိအောင် လေ့လာဖတ်မှတ်မှုရှိခြင်းသည်လည်း ထိုအောင်မြင်သူပုဂ္ဂိုလ်ကြီးများ၏ ပခုံးပေါ်သို့တက်ကာ ရပ်နိုင်ခဲ့ခြင်းပင်။ ထို့ကြောင့် ဖတ်မှတ်သိမြင်လာသည့် စာတွေ့ကို လက်တွေ့တွေးတောကြံဆကာ တန်ဖိုးရှိသောအသိအမြင်များဖြင့် မိမိဘဝကို အလှဆင်နိုင်ရမည်။ ထိုအခြေအနေမှ လောကကို အလှဆင်နိုင်သူ ဖြစ်အောင် ဆက်လက်ကြိုးစားကြရပေမည်။

ရှေးလွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ အချိန်၊ ဘီစီ ငါးရာစုကာလကတည်းက ကမ္ဘာကြီးတွင် လူသားများမှ ထူးချွန်အောင်မြင်သည့် မဟာအကျော်အမော် ပုဂ္ဂိုလ်များစွာ ပေါ်ထွန်းခဲ့ကြပြီးဖြစ်သည်။

တရုတ်ပြည်တွင် ကွန်ဖြူးရှပ်၊ ဆွန်ဇု။ ဂရိပြည်တွင် ဆော့ခရတ်တို၊ အရစ္စတိုတယ်။ အိန္ဒိယနှင့် နီပေါနယ်စပ်အနီးတွင် ဂေါတမမြတ်စွာဘုရား စသည့် ပုဂ္ဂိုလ်များသည် လူ့သမိုင်းတစ်လျှောက်လုံး၌ ကောင်းမွန်မြင့်မြတ်သည့် အတွေးအမြင်အသိတရားများကို အမွေပေးထားနိုင်ခဲ့သည်။ ယင်းတို့သည် ကမ္ဘာကျော်ထင်ရှားသည့် အောင်မြင်သူ မဟာအကျော်အမော်များလည်းဖြစ်ရာ ယင်းကမ္ဘာကျော် ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများကို လေ့လာဖတ်ရှုကာ မိမိဘဝကို မြှင့်တင်နိုင်ရမည်ဖြစ်ပေသည်။

ဂေါတမမြတ်စွာဘုရားက လူဖြစ်လာရသည့် ဘဝတွင် ဘဝတစ်ခုကို အဓိပ္ပာယ်ရှိအောင် ထူထောင်တည်ဆောက်ရန် လူ့တာဝန်၊ လူ့အလုပ်နှစ်ခုဖြစ်သည့် လူအများ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ရန်နှင့် လူသားအများ၏ ချမ်းသာအေးချမ်းရေးကို ဆောင်ရွက်သယ်ပိုးရန်ဟူသည်တို့ကို စံအဖြစ် သတ်မှတ်ခဲ့သည်။

မြတ်စွာဘုရားရှင်သည် ဟောရုံ၊ ပြောရုံ၊ လမ်းညွှန်ပြရုံမျှသာမက ကိုယ်တိုင်စံပြ ကျင့်သုံးလုပ်ဆောင်ပြသည့် စံနမူနာပုဂ္ဂိုလ်ဖြစ်သည်။ ပါရမီဆယ်ပါးကို ဖြည့်ဆည်းပြီး "အသင်လူသားတို့လည်း ငါ၏ နည်းလမ်းအတိုင်း လိုက်ခဲ့ကြ"ဟူ၍ ပြသခဲ့သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်။

ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓิฐานပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဟူသည့် ပါရမီဆယ်ပါးကို ဖြည့်ဆည်းခဲ့သည့်အနက် ဝီရိယပါရမီ၊ မေတ္တာပါရမီ စသည်တို့သည် ကျင့်သုံမှန်သမျှ ကောင်းကျိုးရသည့် အနှစ်သာရတရား ဖြစ်ပေသည်။

မကောင်းမှုဟူသမျှကို သတိနှင့်ရှောင်ကြဉ်၊ ကောင်းမှုဟူသမျှတို့ကို ကြိုးကြီးငယ်ငယ်ရနိုင်သမျှ ပြုလုပ်ဖြည့်ဆည်းဆောင်ရွက်ကြရမည်။ မိမိ၏စိတ်ကို အကုသိုလ်အညစ်အကြေး ကင်းဝေးပြီး ဖြူစင်အောင် အစဉ်စောင့်ထိန်းရမည်လည်းဖြစ်သည်။ သီလသိက္ခာ၊ သမာဓိသိက္ခာတို့ကို ပြည့်စုံအောင် အလေ့အကျင့်များလာသည့်အခါ ပညာသိက္ခာပြည့်စုံလာမည်ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာဘုရား၏ လမ်းညွှန်ပေးခဲ့ရာဖြစ်သော ကောင်းမြတ်သည့်အမွေကို သိရှိနားလည်ကာ နှလုံးသွင်း လိုက်နာကျင့်ဆောင်ကြခြင်းဖြင့် ဗုဒ္ဓအလိုကျချမ်းသာမှုကို ရရှိမည်လည်းဖြစ်သည်။

ဘဝတွင် အောင်မြင်ကြီးပွား ချမ်းသာလိုကြသည့် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် အောင်မြင်ကြီးပွားချမ်းသာလာကြသူများ၏ ကိုယ်တိုင်ဖြတ်သန်းခဲ့သည့် လေ့ကားထစ်များကို စာဖတ်ခြင်းဖြင့် သိမြင်ခွင့်ရရှိနိုင်ပေသည်။ ထိုမှ မဟာအကျော်အမော်ပုဂ္ဂိုလ်တို့၏ ဘဝဖြတ်သန်းမှုနည်းနာများကို အားကျအတုယူကာ မိမိဘဝ တိုးတက်ရာတိုးတက်ကြောင်းကို ရှာဖွေနိုင်ပေမည်။

သူတကာထက် ပိုပြီးဝေးဝေးကို မြော်တွေးကြည့်မြင်သုံးသပ်နိုင်သည်အထိ ရင့်ကျက်တည်ကြည်သော ဘဝပိုင်ရှင်ဖြစ်နိုင်အောင် တည်ဆောက်ရန်လည်း လိုအပ်သည်။

သို့ဖြစ်သောကြောင့် စာတွေ့လက်တွေ့ အသိအမြင်များကို အမှန်တကယ်ကြိုးစားရှုန်းကန်ရသည့် ပကတိဘဝဖြတ်သန်းမှုတွင် အလိုက်သင့်အသုံးချနိုင်ခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလာနိုင်မည် ဖြစ်ပေတော့သည်။ ။

မေတ္တာလွမ်းခြုံသူဖြစ်ချင်သလား

မောင်ထူးချွန်



မေတ္တာလွမ်းခြုံသူဆိုတာ ဘယ်လိုပါလိမ့်လို့ မောင်တို့မယ်တို့ သိလိုကြမယ်ထင်ပါတယ်။ မေတ္တာတရားကြီးမားသူတွေဟာ မေတ္တာလွမ်းခြုံအားပိုမိုကောင်းမွန်ကြတယ်။

ကိုယ့်အတ္တထက် သူတစ်ပါး အရေးကိစ္စကို ဦးစားပေးမြော်တွေးကာ စဉ်းစားပေးတတ်သူလည်း ဖြစ်တယ်။ ဒါကြောင့် လူအချင်းချင်းပေါင်းသင်းဆက်ဆံကြတဲ့နေရာမှာ ရယူလိုတဲ့ တပ်မက်မှုထက်၊ မုန်းတီးရန်ရှာတဲ့ ဒေါသအမျက်ထက်၊ ကိုယ်ကဘာပေးရမလဲလို့ ဦးစားပေးပြီး စဉ်းစားတတ်တဲ့သူ၊ သူတစ်ပါးကို ဦးစားပေးတဲ့ခံယူချက်ထားကာ သူတစ်ပါးကို ဦးစားပေးတတ်သူ၊ သူတစ်ပါးကို စာနာစိတ်နဲ့ စေတနာထားနိုင်ပြီး နားလည်မှုအရှိဆုံးသောသူ၊ ဆက်ဆံမိတဲ့သူတိုင်းကို ချစ်ခင်လေးစားစရာ၊ ကြည်ညိုချင်စရာပုဂ္ဂိုလ်တွေလို့ တွေးပြီး သဘောထားကြီးနိုင်သူ၊ ချစ်ခင်လေးစားစရာ၊ ကြည်ညိုချင်စရာ ပုဂ္ဂိုလ်အဖြစ် မိမိကိုယ်ကိုခံယူဆောက်တည်နိုင်တဲ့သူ စတဲ့အခြေခံအချက်တွေနဲ့ ပြည့်စုံသူဖြစ်ဖို့ လိုအပ်တယ်။

အဲဒီလို ခံယူဆောက်တည်နိုင်မယ်ဆိုရင် မေတ္တာတရားလွမ်းခြုံသူဖြစ်လာပြီပေါ့။

မေတ္တာလက်နက်ဟာ အတိုင်းအဆမရှိ အကြီးမားဆုံး၊ အပြင်းထန်ဆုံး အရာပဲဖြစ်တယ်။ မေတ္တာထက် ပိုမိုထိရောက်နိုင်တဲ့အရာ ဘာဆိုဘာမျှမရှိပါ။

သူတစ်ပါးကို အပြစ်အနာအဆာရှာဖွေကြည့်ရှုမနေဘဲ၊ မိမိနဲ့ထိတွေ့လာရင် နှစ်ဦးနှစ်ဖက်ကောင်းကျိုးကိုကြည့်ကာ တိုးတက်နိုင်မယ့်၊ လက်တွဲနိုင်မယ့်အရာကိုသာ စဉ်းစားကြရမှာ၊ လုပ်ဆောင်ကြရမှာလည်း ဖြစ်ပေတယ်။ မေတ္တာတရား ရှေ့ထားမှုတွေကြောင့် အောင်မြင်မှုတွေကို ရရှိနိုင်မှာ အခိုင်အမာပေါ့ကွယ်။

သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာ ဆက်ဆံခြင်းတွေဟာ မိမိတို့အားလုံးအတွက် ကောင်းကျိုးချမ်းသာကို ပြန်လည်ရရှိစေမှာလည်းဖြစ်တယ်။

ဒါကြောင့် မောင်တို့ မယ်တို့သာမက အရွယ်မရွေးသော လူသားတိုင်းဟာ မေတ္တာတရားလွမ်းခြုံသူတွေ ဖြစ်နိုင်ကြတယ်။ ဖြစ်နိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိနေကြတာပါပဲ။ ရှုမြင်တတ်တဲ့ အရည်အချင်းအရ မေတ္တာတရား ထားရှိနိုင်မှုတွေ ကွာခြားသွားရခြင်းသာ ဖြစ်တယ်။ ဘယ်နေရာပဲဖြစ်ဖြစ်၊ ဘယ်အရာပဲဆိုဆို အကောင်းချည်းလည်း မရှိနိုင်သလို အဆိုးချည်းလည်းမရှိနိုင်ပါဘူး။

အကောင်းမြင်သူက အကောင်းကို ဆိုကြမယ်။ မကောင်းမြင်သူက အဆိုးကို ဆိုကြမှာပါပဲ။ မလွန်ဆန်နိုင်တဲ့ လောကနိယာမတစ်ခုဆိုပါတော့။

ဒီသဘောတရားကို လက်ခံနိုင်သူ၊ နားလည်သဘောပေါက်သူတွေ လောကမှာ များစွာရှိဖို့လိုတယ်။ အဲဒီလိုလူတွေ များများရှိမယ်ဆိုရင် မေတ္တာတရားကြီးမားရာရပ်ဝန်းဟာလည်း ကျယ်ပြန့်လာမှာပေါ့ကွယ်။ ကမ္ဘာကြီးက ပကတိတရားမှာ သူ့ဘာသာသူ ကမ္ဘာကြီးပါပဲ။ နေကြိုဟ်ကြီးနဲ့ယှဉ်တဲ့အခါ သေးငယ်ပါတယ်။ လနဲ့ယှဉ်ရင်တော့ ပိုကြီးနေတယ်ပေါ့။ ကြီးတယ်ငယ်တယ်လို့ ဆိုလိုရင်း မဟုတ်ပါ။ နေ၊ ကမ္ဘာ၊ လတို့ကိုကြည့်ရင် ကမ္ဘာပေါ်ကနေ နေ့ဘက်မှာဆိုရင် နေကိုမြင်ရပြီး ညဘက်မှာဆိုရင် လကိုမြင်ရမှာပါပဲ။ ဒီလိုအခြေခံသဘောတရားကိုသာ တွေးကြည့်တဲ့သဘောပါ။ တွေးလည်းကြည့်ကြစေချင်တယ်။

အမြင်သဘောအရဆိုရင် မေတ္တာပါတဲ့အခါ အရာရာအဆင်ပြေမှာ သေချာတယ်။ မေတ္တာအရင်းခံနဲ့ ဆက်ဆံသမျှဟာ ဘေးရန်ဟူသမျှ ကင်းဝေးငြိမ်းအေးရစမြဲပါပဲ။

ခက်ထန်မာကြောမှု အားလုံးဟာ ဒီလူအသုံးမကျဘူး၊ ဟိုပုဂ္ဂိုလ်ကတော့ အခွင့်ရေးသမား၊ ဒီဝန်ထမ်း တစ်ယူသန်၊ တဇောက်ကန်း ဒီလိုသာပုတ်ခတ်တိုက်ခိုက်၊ ရှုတ်ချအပြစ်ဆိုမှုတွေဟာ ပင်ကိုဓာတ်ခံ အရင်းအမြစ်တွေ၊ ရှုထောင့်အမြင်တွေ တိမ်းစောင်းနေလို့သာ ဖြစ်နေရတာ။

ဘယ်သူမျှတော့ ခြောက်ပြစ်ကင်းမရှိနိုင်ပါ။ အကောင်းအဆိုး၊ အတော်အညံ့ အမျိုးမျိုးက ယှဉ်တွဲရှိနေကြမှာပါပဲ။ လူလူချင်း အပြစ်မတင်၊ အပြစ်မမြင်ကြဘဲ အကြည့်အမြင်ရှုထောင့် မလွဲအောင်သာ မိမိရဲ့အရင်းအမြစ်မှာ မေတ္တာအရင်းခံကြရမှာဖြစ်တယ်။

လူကောင်းတွေကသာ ကောင်းတဲ့အတွေး၊ ကောင်းတဲ့အကြံကို ပြုမူကြကာ ကောင်းတဲ့စကားကို ပြောပြီး ကောင်းတဲ့ လုပ်ဆောင်မှုတွေကို လုပ်ဆောင်ကြမှာပါပဲ။

ဒေါသ၊ မောဟ လုံးဝကင်းစင်မှုဟာ မေတ္တာတရားအဖြစ် သက်ဝင်စေတယ်။

မောင်တို့မယ်တို့အနေနဲ့ မျှတစွာ တွေးခေါ်မြော်မြင်မှုတွေကို အသုံးချကာ လောကကို ရှုမြင်သုံးသပ်နိုင်ကြမယ်ဆိုရင် လောကသဘာဝ အလှတရားတို့ကို မြင်သာထင်ရှားစွာ တွေ့မြင်ခံစားနိုင်မှာလည်းဖြစ်တယ်။

အမြင်နဲ့ရှုထောင့်ကို မျှတစွာခံစားနိုင်ပြီဆိုရင်တော့ လူအချင်းချင်း ဆက်ဆံရာမှာ အထူးဝန်ဆောင်မှုတစ်ခုပေးလိုက်ပါ။ တန်ဖိုးကြီးအရာလည်း မဟုတ်လို့၊ မလုပ်နိုင်စရာလည်းမရှိပါ။ ဒီဝန်ဆောင်မှုက ပင်ပန်းတကြီးလည်း မဟုတ်သလို ငွေကုန်ကြေးကျလည်း မရှိပါ။ အထူးတလည်ကြိုးစားရမည့် အရာလည်း မဟုတ်တဲ့အပြင် ခက်ခက်ခဲခဲအရာမျိုးလည်း မဟုတ်ပါ။ လွယ်ကူပေါ့ပါးပြီး ရိုးရှင်းလှပါပေတယ်။

အဲဒါကတော့ အချိုမြိန်ဆုံး အပြုံးဝန်ဆောင်မှုပဲပေါ့ကွယ်။

လူအချင်းချင်း ဆက်ဆံကြရာမှာ အဆောတလျင်အပြုံးကို အရင်မျှဝေလိုက်ပါ။ အဝေးကပင် အပြုံးပန်းဖြင့် နှုတ်ဆက်နိုင်ပါတယ်။ အပြုံးပန်းကား မေတ္တာတရားရဲ့ရှေ့ပြေးပါပဲ။ အထူးဝန်ဆောင်မှုအဖြစ် အပြုံးကိုသာ တွင်ကျယ်အောင် အသုံးချလိုက်ပါ။ အပြုံးတစ်ခုကိုသာ လက်ကိုင်သုံးကာ ကိုယ်ကဦးအောင် နှုတ်ဆက်လိုက်ခြင်းဖြင့် ကိုယ့်ဘက်က အဦးဆုံးမေတ္တာကို ကမ်းလင့်လိုက်တဲ့ သဘောလို့ ယုံကြည်လိုက်ပါ။

မောင်တို့မယ်တို့အနေနဲ့ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာ ဆက်ဆံခြင်းတွေကို လက်တွေ့ ကျင့်ဆောင်နိုင်လာရင် သတ္တလောကကြီး တစ်ခုလုံးအတွက် ကောင်းကျိုးချမ်းသာကို ရရှိကာ အောင်မြင်ကြီးပွားလာမှာ ဖြစ်ပြီး မေတ္တာလွမ်းခြုံသူလည်း ဖြစ်လာပြီပေါ့ကွယ်။ ။

စွန့်စားမှုမပြုမီ အချိန်ယူပြင်ဆင်ပါ

အောင်မြတ်စည်သူ

အလွန်ပင်ထူးခြားသော ကားအရောင်းအဝယ်သမားတစ်ယောက်ဖြစ်သူ ဟင်နရီဘရောင်းသည် အထက်တန်းကျောင်း နပန်းသမားတစ်ဦးဖြစ်သော သူ့သားအကြောင်း ဇာတ်လမ်းတစ်ပုဒ် ကျွန်တော့်ကို ပြောပြခဲ့ဖူးသည်။ သူ့သားသည် ထိုနှစ်တွင် နပန်းသမားအဖြစ် အတော်အသင့်မျှသာ အောင်မြင်မှု ရရှိနေခဲ့ပြီး ဟင်နရီက သူနှင့်အကျိုးအကြောင်း ပြောဆိုသောအခါ ဘာကြောင့်မှန်း သိလာခဲ့သည်။

ဟင်နရီ၏သားသည် သူ့အတိုက်အခံ၊ အကြံအစည် တုံ့ပြန်ရန် ပီပီပြင်ပြင်သင်ထားသည့်အဆင့်ထက် ပိုသာစွာဖြင့် နပန်းပွဲတိုင်းကို ဝင်ရောက်လေ့ရှိခဲ့သည်။

သို့သော် တန်ပြန်လှုပ်ရှားရာတွင် ဟင်နရီ၏သား မည်မျှပါရမီထက်သန်ခဲ့သည်ပင်ဖြစ်စေ တန်ပြန်ခြင်းသည် တန်ပြန်ခြင်းသာဖြစ်သောကြောင့် တစ်ဖက်နပန်းသမားက ပွဲရှိန်ကို စီရင်နေခဲ့စမြဲဖြစ်သည်။ နောက်ဆုံးတွင် ဟင်နရီက သူ့သားအား နပန်းပွဲသို့ သူကိုယ်တိုင်၏ တိုက်ခိုက်ရေးအစီအစဉ်ဖြင့် ဝင်ရောက်ကြည့်ရန် အကြံပြုလိုက်သည်။ သူ့အတိုက်အခံပြိုင်ဘက်က မည်သို့ကြိုးပမ်းသည်ပင်ဖြစ်စေ သူက ဦးဆောင်ဦးရွက်ဖြစ်မည့် လှုပ်ရှားမှုပွဲစဉ်များ ပြုခိုင်းလိုက်သည်။

ကောင်လေးက သဘောတူခဲ့ပြီး အကျိုးရလဒ်ကား မှတ်သားလောက်စရာပင် ဖြစ်ခဲ့ပေသည်။ သူသည် ပြိုင်ပွဲတစ်ပွဲပြီးတစ်ပွဲကို နိုင်လာခဲ့သည်။ သူ့ပြိုင်ဘက် တစ်ယောက်ပြီး တစ်ယောက်ကို ချုပ်လာနိုင်ခဲ့သည်။

နပန်းသမားလေး၏ပန်းတိုင်မှာ အနိုင်ရရှိရန် သာလျှင် အမြဲဖြစ်ခဲ့သည်။ သူသည် ပန်းတိုင်တည်ရေးနှင့်ပတ်သက်၍ အခက်အခဲမရှိချေ။ သို့သော် ဆောင်ရွက်မှုအစီအစဉ်ကို ဖြည့်ဆည်းရန် လိုအပ်ခဲ့သည်။ ဘဝမှာ ကံသို့ပင် အားကစားပွဲများတွင်လည်း ပန်းတိုင်များ ချမှတ်ခြင်းသက်သက်က လုံလောက်လေ့မရှိခဲ့ချေ။ နာသန်နရယ်လ်ဘရန်ဒန်က ထိုကဲ့သို့ပင် “လှုပ်ရှားဆောင်ရွက်မှု အစီအစဉ်မရှိသော ပန်းတိုင်သည် စိတ်ကူးယဉ်အိပ်မက်မျှသာ ဖြစ်သည်” ဟုဆိုသည်။

ဟင်နရီသည် သူ့သားကို ထိုအကြံပြုချက် ပြုရုံသာ ပြုခဲ့သည် မဟုတ်ချေ။ သဘောတရားအဖြစ် တင်ပြခဲ့သည်။ သူကိုယ်တိုင်၏ ဘရောင်းအင်ဘရောင်းချက်ပလက်ကား အရောင်းအဝယ်လုပ်ငန်းသည် နိုင်ငံတွင် နံပါတ်-၁ ချက်ပလက်ကား အရောင်းအဝယ်လုပ်ငန်းအဖြစ်သို့ အခါခါရောက်ခဲ့ဖူးသည်။ ဤသည် သူ့ကုမ္ပဏီ၏ နှစ်စဉ်ဆောင်ရွက်မှုကို သူ့သားအား သူပို့ချခဲ့သည်ကဲ့သို့ပင် စီစဉ်သောကြောင့်ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်းပင် သူသည် လာမည့်နှစ် အရောင်းအဝယ် အစီအစဉ်ကောင်းကြောင်းပြ ဗီဒီယိုခွေကို ကျွန်တော့်ထံသို့ပို့ရန် သူ့အထွေထွေ မန်နေဂျာအား ညွှန်ကြားထားသည်။ ထိုအစီအစဉ်တွင် ဌာနအားလုံးမှပင် ငွေပမာဏကို နောက်ဆုံးပဲနိမ့်နိမ့်အထိ ထည့်တွက်ထားမှုပါ ပါဝင်သည်။ အတိအကျလမ်းကြောင်းကို ထိုမျှရဲတင်းစွာချပြခြင်းဖြင့် ဘရောင်းသည် ဈေးကွက်အား သူ့ကို တုံ့ပြန်ဖြစ်ထွန်းစေသည်။ လွန်ခဲ့သောနှစ်က နိုင်ငံတစ်ဝန်း မော်တော်ကားအရောင်းအဝယ် ကျဆင်းချိန်တွင် သူ၏ကုမ္ပဏီ မည်သို့စခန်းသွားခဲ့သနည်းဟု တစ်ကြိမ်တွင် သူ့ကို ကျွန်တော်မေးမြန်းလိုက်သောအခါ သူက “ကျွန်တော်တို့ အရောင်းကျမှုမှာ မပါဝင်ဖို့ ဆုံးဖြတ်လိုက်တယ်” ဟု ဖြေကြားခဲ့သည်။

စွန့်စားမှုတစ်ခုမျှ မပြုမီတွင် အချိန်ယူစီစဉ်မှုပြုပါ။ သင်၏ တိုက်ခိုက်ရေးအစီအစဉ်ကို ပုံဖော်ပါ။ တခြားနပန်းသမားတစ်ယောက် ပြုလုပ်နေသည်ကို တုံ့ပြန်ရုံသာ မပြုပါနှင့်။ သင့်ကို ဘဝက တုံ့ပြန်ပါစေ။ ပထမရွေ့လျားမှုမှန်သမျှကို သင်က ပြုနေပါလျှင် ဘဝကို အခါခါချုပ်ကိုင်ထားနိုင်ပုံကို သင်အံ့သြပါလိမ့်မည်။ ။

Ref : Take time to plan before venturing out by Steve Chandler

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၁-၈-၂၀၂၃ ရက်မှအဆက်

"ထွေးရီနဲ့ သိပ်လိုက်တာပဲကွယ်။ ဌေးဖြင့် ထွေးရီနဲ့ လိုက်မှလိုက်ပါ့မလားလို့ စိတ်တထင့်ထင့်နဲ့"

"ဘယ်လောက်ပေးရလဲဟင် မမဌေး၊ ကျွန်မဖြင့် ဝမ်းသာလိုက်တာတော်"

ထွေးရီမှာ မုန့်စားရတော့မည့် ကလေးငယ်တစ်ယောက်ကဲ့သို့ ပီတိရွှန်းနေသောမျက်နှာဖြင့် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာနေသည်။ ပုလဲကုံးလေးကိုလည်း လည်ပင်းတွင် ဆွဲကြည့်လိုက်၊ လက်ထဲတွင် ဆွဲဆန့်ကြည့်လိုက်နှင့် ဖြစ်နေသည်။

"မပေးရပါဘူးကွယ်၊ ဆယ့်ငါးကျပ်ထဲပါ"

"ဟယ်၊ အများကြီး အဖိုးတန်တာပဲနော်"

'ဟဲ့၊ နင်ကလည်း သလောက်အဖိုးတန်တာကြီးကို နင့်မို့ ဝယ်ပေးတာပေါ့ဟာ။ တို့ဖို့ဆို ဘာမှပါပါဘူးဗျာ"

ကိုအေးဆွေက ဝင်နောက်လိုက်၏။

"အောင်မယ်၊ ကိုရင်က ယောက်ျားတန်မဲ့ကြီးနဲ့ ဘာမို့လို့ဝယ်ပေးရမှာတုံး၊ မှုတ်ဖူးလားနော် မမဌေး"

ထွေးရီသည် ကိုအေးဆွေအား လှည့်၍ ရန်တွေ့လိုက်ရင်းက ခင်သန်းဌေးဘက်ပါ လှည့်၍ အဖော်ညိုလိုက်၏။ ခင်သန်းဌေးကမူ ပြုံးရ၍သာနေ၏။

ထိုနောက် ခင်သန်းဌေးနှင့် ထွေးရီတို့က ဟိုစကား သည်စကားပြောနေကြစဉ် ကိုအေးဆွေကလည်း ရေးလက်စစာရင်းကို ဆက်လက်ရေးနေ၏။ အတန်ကြာလျှင် ကိုအေးဆွေက ထွေးရီဘက်သို့ လှမ်းမေးလိုက်သည်။

"ဟဲ့ ထွေးရီ၊ ဒီနံပါတ် ၆ ထန်းတောက ထန်းရည်ရတာ ရုတ်တရက်လျော့သွားပါလား။ အရင်နေ့က ဆိုရင် ရွှက်အိုး ၂၃၀ ကျော်ရတယ်။ ဒီနေ့ ၂၂၅ လုံးပဲ ရတော့တယ်။ ဘာလို့တုံးဟာ"

"ကိုရင်ကလည်း သိဘူးလား။ ဒီထန်းတောက ကိုကုလားကြီးက နေဆိုးလို့ ခွင့်ယူထားတယ် မဟုတ်လား။ အဲဒါ ကျန်တဲ့လူတွေက မျှလှီးတော့ အလှီးမညီဘူးပေါ့"

မှန်သည်။ ထန်းတောတစ်ခုတွင် လှီးနေကျလူက မှန်မှန်တက်လှီးမှသာ ထန်းစအလှီးညီ၍ ထန်းရည်လည်း အလိုက်မှန်ကာ အထွက်လည်းမှန်သည်။ သို့မဟုတ်ဘဲ တခြားလူ တက်၍လှီးသော် အထူအပါးညီအောင် မလှီးနိုင်သဖြင့် ခေတ္တတွင် ထန်းရည်အထွက် အမ်းသွားတတ်သည်။ အခန့်မသင့်လျှင် တစ်ခါတည်း ထန်းရည်ဆုတ်သွားတတ်သည်။

"ကဲ ဒါဖြင့်ရင် ဦးလေးစံကိုပြောပြ။ ဒီကိုကုလားကြီး အလုပ်ပြန်မဆင်းနိုင်ခင်စပ်ကြားမှာ ကိုကုလားကြီးလက်နဲ့မီမယ့်လူကို ပြောင်းလွှဲပြီး တာဝန်ချပေးပါလို့"

ထွေးရီတို့အဖေ ဦးစံကျော်မှာ ထန်းတက်ရေးဌာန၊ ထန်းတက်သမားအဖွဲ့များ၏ ဦးစီးတာဝန်ခံ ခေါင်းဆောင်ဖြစ်သည်။

"ဟုတ်ကဲ့ပါ"

"အဲ အဲ၊ ဒီနံပါတ် ၁၂ ထန်းတောကကျတော့ ဒီနေ့ ထန်းရည်အထွက် ပိုလာပါလား"

"ဟုတ်သယ်လေ၊ အဲဒီဘက်ထန်းတောတွေက သီးနုဖက်လာပြီ မဟုတ်လား။ ပြီးတော့ လေငြိမ်တယ်။ နေကလည်းသာတယ်"

"ဟေ၊ အင်း အင်း။ ဟုတ်သားပဲ"

"ဒါနဲ့ နေပါဦး ကိုအေးဆွေ၊ မသိလို့မေးပါရစေ။ ထန်းတောတွေက နံပါတ်တွေနဲ့လား" ဟု ခင်သန်းဌေးက ဝင်မေး၏။

"ဟုတ်တယ်၊ ထန်းတောမှန်သမျှ သူ့နံပါတ်နဲ့ သူပဲ။ အရင်တုန်းက ပိုင်ရှင်နာမည်တွေကို ဖျောက်ပစ်လိုက်ပြီ"

"သြော်၊ ဟုတ်လား။ ဒါဖြင့်ရင် တစ်တက်စာ ထန်းတောတစ်တောကို နံပါတ်တစ်ခုပေါ့"

"ဟင့်အင်း၊ သလောက်မကပါဘူး။ ဥပမာဆိုကြပါစို့။ နံပါတ် ၁ ထန်းတောဆိုရင် ထန်းငါးတက်စာကို စုပေါင်းပြီးတော့ နံပါတ်တပ်ပေးလိုက်တယ်။ အဲဒီ နံပါတ် ၁ အုပ်စု ထန်းတောမှာတက်တဲ့လူဟာ ၅ ယောက်ရှိတယ်။ ဒီထဲကတစ်ယောက်က တာဝန်ခံ ခေါင်းဆောင်ပဲ။ အဲသလိုပဲ တခြား ၂၊ ၃၊ ၄၊ ၅ စတဲ့ နံပါတ် ၁၂ ထိ ဒီပုံစံအတိုင်း ဖွဲ့စည်းထားတယ်။ နောက် ၄ အုပ်စုရှိတိုင်း အကြပ်တစ်ယောက်ထားပြီး အားလုံးပေါ်မှ ဦးစီးတာဝန်ခံ တစ်ယောက်ထားတယ်"

ခင်သန်းဌေးမှာ ဤမျှအထိ စနစ်တကျ ဖွဲ့စည်းထားသည်ဟု သိရသောအခါ အံ့ဩသြနေရ၏။

ဖွဲ့စည်းထားပုံက စစ်တပ်များအတိုင်းပဲနော်။ ဒါပေမဲ့ ကိုယ့်အုပ်စုနဲ့ကိုယ် စည်းလားရိုက်ပြီး ခိုကတ်နေရင်ကော မဖြစ်ဘူးလား"

"ဒီလိုမဖြစ်ရအောင် စနစ်တစ်ခုထွင်ထားပါတယ်။ နှစ်ကုန်လို့ စာရင်းချုပ်တဲ့အခါမှာ ထန်းရည်အများဆုံးထွက်အောင် လှီးနိုင်တဲ့အုပ်စု နံပါတ်က လူတွေကို "လုပ်သားသူရဲကောင်းများ" ဆိုတဲ့ နာမည်နဲ့ ဂုဏ်ပြုတယ်။ ငွေ၊ အဝတ်အစား စသည်ဖြင့်လည်း ဆုပေးချီးမြှင့်တယ်။ ဒါတွင်မက ဒုတိယ၊ တတိယ ဆုများပါထားပြီး ကျန်တဲ့အုပ်စုတွေကိုလည်း သူတို့ လုပ်အားအရ ဆုပေးပါသေးတယ်"

"ဟုတ်သယ် မမဌေးရဲ့၊ ပြီးခဲ့တဲ့နှစ်က ဆုရတဲ့ လူတွေဖြင့်ရင် ဝမ်းသာလွန်းလို့ ကကြ ခုန်ကြနဲ့ ပျော်လိုက်ကြတာမှလွန်ရော"

ထွေးရီကပါ ဝမ်းသာအားရအမူအရာဖြင့် ဝင်၍ ထောက်ခံနေ၏။

"နောက်ပြီး ဒီလို "လုပ်သားသူရဲကောင်းများ" ဆိုတဲ့နာမည်နဲ့ ဆုတံဆိပ်တွေ ချီးမြှင့်တဲ့ ရည်ရွယ်ချက်တစ်မျိုးလည်း ကျွန်တော်တို့မှာ ရှိပါသေးတယ်။ ဘာလဲဆိုတော့ တစ်ဦးကောင်း တစ်ယောက်နဲ့ လုပ်လို့မရဘူး။ အသင်းအဖွဲ့နဲ့ စုပေါင်းလုပ်ခြင်းအားဖြင့် ပိုမိုအောင်မြင်နိုင်တယ်။ စည်းလုံးလိုတဲ့ စိတ်ထားမျိုးတွေ ပေါ်လာနိုင်တယ်။ တစ်ဦးနေမကောင်းရင်၊ အကြောင်းကြီးငယ်ကိစ္စရှိလို့ခွင့်ယူရင် ကျန်လူတွေက မျှပြီးလုပ်ရတာမို့ အနစ်နာခံပြီး ကူညီရိုင်းပင်းလိုတဲ့စိတ်စေတနာမျိုး၊ နောက်ပြီး သာတူညီမျှရယူလိုတဲ့ စိတ်ထားမျိုးတွေ စသည်ဖြင့်ပေါ်လာအောင်၊ ကိန်းအောင်းသွားအောင် ဖြစ်စေလိုတဲ့ ရည်ရွယ်ချက်မျိုးတွေလည်း . . .

> "လုပ်သားသူရဲကောင်းများ" ဆိုတဲ့နာမည်နဲ့ ဆုတံဆိပ်တွေချီးမြှင့်တဲ့ ရည်ရွယ်ချက်တစ်မျိုးလည်း ကျွန်တော်တို့မှာ ရှိပါသေးတယ်။ ဘာလဲဆိုတော့ တစ်ဦးကောင်း တစ်ယောက်နဲ့ လုပ်လို့မရဘူး။ အသင်းအဖွဲ့နဲ့ စုပေါင်းလုပ်ခြင်းအားဖြင့် ပိုမိုအောင်မြင်နိုင်တယ်။ စည်းလုံးလိုတဲ့စိတ်ထားမျိုးတွေ ပေါ်လာနိုင်တယ်။ တစ်ဦးနေမကောင်းရင်၊ အကြောင်းကြီးငယ်ကိစ္စရှိလို့ခွင့်ယူရင် ကျန်လူတွေက မျှပြီးလုပ်ရတာမို့ အနစ်နာခံပြီး ကူညီရိုင်းပင်းလိုတဲ့စိတ်စေတနာမျိုး၊ နောက်ပြီး သာတူညီမျှရယူလိုတဲ့ စိတ်ထားမျိုးတွေ စသည်ဖြင့်ပေါ်လာအောင်၊ ကိန်းအောင်းသွားအောင် ဖြစ်စေလိုတဲ့ ရည်ရွယ်ချက်မျိုးတွေလည်း . . .

"ဟုတ်ကဲ့ ဟုတ်ပါတယ်ဗျာ။ ကျွန်တော်ကတော့ ဒီလိုပဲ ရည်ရွယ်ပါတယ်ဗျာ။ ကျွန်တော်ကတော့ ကိုရင်ကို ကျေးဇူးတင်ပါတယ်ဗျာ။ ကိုရင်ကတော့ ကျွန်တော်ကို ကူညီပေးတယ်ဗျ။ ကျွန်တော်ကတော့ ကိုရင်ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလောက်ပဲ ရှိပါတော့ဗျာ ဦးလေ။ ဒီလိုပဲ အခြေအနေအရဖြစ်လာရတာပေါ့။ အဆောက်အအုံရဲ့ တည်ရာဌာနကတော့ ဌေးဌေးလည်း စဉ်းစားကြည့်လေ။ ကုန်ထုတ်စွမ်းအား တကယ်များပြားလာရင် သယ်ယူပို့ဆောင်ရေး လွယ်ကူတဲ့နေရာမျိုးမှ ဖြစ်တော့မပေါ့။ ဒါကြောင့်လည်း ထန်းတောတွေရဲ့ အလယ်ဗဟိုလည်းကျ၊ သွားရေးလာရေးလွယ်ကူတဲ့ ဒီကားလမ်းနံဘေးမှာ တည်ဆောက်ရတာပေါ့"

"လုပ်ငန်းရဲ့ အခြေအနေကကော ဘယ်လိုလဲ။ အရင်က တစ်ဦးချင်းလုပ်တာနဲ့ အခုလို စုပေါင်းလုပ်တာနဲ့ ပြောပလောက်အောင် အကျိုးကျေးဇူးရှိရဲ့လား"

ခင်သန်းဌေးမှာ မေးမည့်သာ မေးလိုက်ရ၏။ တကယ်တော့ သူတို့၏ ရုပ်လုံးပေါ်ကာ လက်တွေ့ လုပ်နေသော အခြေအနေများက အကျိုးရှိကြောင်း ဖော်ပြနေသည်ကို ရိပ်စားမိပါ၏။

"ရှိပြီလား ဌေးဌေး၊ ဘယ့်နယ့် ပြောပါလိမ့်။ တစ်ဦးတည်းတက်၊ တစ်ဦးတည်းကျိုတာနဲ့ အခုလို ဘုံစနစ်နဲ့ စုပေါင်းလုပ်တာနဲ့ ဘယ်တူလိမ့်မလဲ။ အရင်ထက် အဆပေါင်းများစွာ အကျိုးရှိနေတာက မျက်မြင်ပဲ"

"ဒါက ဒီလိုရှိတယ် ကိုအေးဆွေ။ ရှင်တို့ စုပေါင်းလုပ်လို့ အကျိုးရှိတာထက် ငါးစုတစ်စုပေးလို့များ အကျိုးရှိနေတာ ဖြစ်နေပါဦးမယ်ရှင့်"

ခင်သန်းဌေး၏ မာဆတ်ဆတ်နှင့် ငေါ့၍ပြောလိုက်သည့်အသံကြောင့် ကိုအေးဆွေက ခင်သန်းဌေး၏ မျက်နှာအား ဖျတ်ခနဲ စူးစိုက်၍ကြည့်လိုက်၏။ ကိုအေးဆွေ၏ မျက်လုံးမှာ ပြူးသလိုဖြစ်သွား၏။ ပြီးမှ ရုတ်ခြည်းပင် ရွှင်ပြုံးလာ၏။

"သြော်၊ ဌေးဌေးက ကျွန်တော့်ကို ခုထက်ထိ မကျေနပ်နိုင်သေးပဲ စိတ်ဆိုးနေတုန်းကိုး"

ကိုအေးဆွေသည် ခင်သန်းဌေးအား ခပ်ပြုံးပြုံးနှင့် ကြည့်၍မေး၏။

"မဆိုးပါဘူး"

"ဒါဖြင့် ကျွဲမြီးတိုတယ်ပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး"

"အင်း၊ ဌေးဌေးဟာ စိတ်မဆိုးပါဘူးလို့သာ ဆိုတယ်။ ဌေးဌေးမျက်နှာကြည့်ရတာကတော့ ကျွန်တော့်အပေါ်မှာ မကျေမချမ်းနဲ့ဖြစ်နေတဲ့ အမူအရာပဲ"

ခင်သန်းဌေး၏မျက်နှာကလေးသည် စောစောက ခပ်ရွှင်ရွှင်လေး ဖြစ်နေသော်လည်း ယခုတော့ ခပ်တည်တည်လေး ဖြစ်နေသည်။

တကယ်တော့ ကိုအေးဆွေတို့ ဘုံထန်းတော နယ်မြေ စုပေါင်းထန်းလုပ်ငန်းအဖွဲ့ကသာ ထန်းပိုင်ရှင်များအား ငါးစုတစ်စုပေးနေကြခြင်း ဖြစ်၏။ အခြားရွာများမှ ထန်းသမားများကမူ မည်သို့ပင် ထန်းသမားညီလာခံကြီးက ဆုံးဖြတ်ချက်ချထားသည် မှန်သော်လည်း၊ ကိုအေးဆွေတို့ စုပေါင်းထန်းလုပ်ငန်းအဖွဲ့နှင့် ထန်းပိုင်ရှင်တို့တိုက်ပွဲတွင် ကိုအေးဆွေတို့ စုပေါင်းထန်းသမားများက အနိုင်ရသည်ဟု ကြားသိကြသော်လည်း အခြားရွာမှ ထန်းသမားတို့သည် မိမိတို့ထန်းပိုင်ရှင်များနှင့် နားလည်မှုယူကာ ယခင်သုံးစုတစ်စုအတိုင်း အပေးအယူပြုနေကြကြောင်း ခင်သန်းဌေးက သိနေရ၏။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒကွိုဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂၂-စ-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

စဉ်	နဝကမ္ဘ အမည်	အလှူငွေ (ကျပ်)
၅၁၅၃။	Mr. Wu Xing Fu(China)	Yuan 300
	မိသားစုကောင်းမှု	
၅၁၅၄။	ဦးသိန်းလွင်(ခ)ဦးသိန်းရွှေနှင့်ဇနီး ဒေါ်အေးအေးစိန်	၁၀၀၀၀၀၀၀
	မိသားစုကောင်းမှု	
၅၁၅၅။	ဦးသိန်းနိုင်နှင့်ဇနီး ဒေါ်ဖြူဖြူဌေးမိသားစုကောင်းမှု	၁၀၀၀၀၀၀
၅၁၅၆။	ဦးမြင့်နိုင်မိသားစုကောင်းမှု	၁၀၀၀၀၀၀
၅၁၅၇။	ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်အေးအေး၊	၈၅၀၀၀၀
	(သမီး)ဒေါက်တာနုနုမေ၊ (သား)ဦးညီညီအောင်နှင့်ဇနီးဒေါ်နီနီဝင်း မိသားစုကောင်းမှု	
၅၁၅၈။	ဦးခဲရွှေနှင့်ဇနီး ဒေါ်ကျင်ယုမိသားစုကောင်းမှု	၇၁,၂၀၀၀
၅၁၅၉။	ဦးကံချိန်နှင့်ဇနီး ဒေါ်ခင်နီလာဝင်း၊	
	(သား)မောင်ရှိန်းထက်ကိုမိသားစုကောင်းမှု	၇၀၀၀၀၀
၅၁၆၀။	ဦးမောင်မောင်ဦးနှင့်ဇနီး ဒေါ်မေသင်းရီ၊	၅၀၀၀၀၀
	(အာရှသမာဓိအထည်ချုပ်လုပ်ငန်း) မိသားစုကောင်းမှု	
၅၁၆၁။	ဦးအောင်ဝင်း မိသားစုကောင်းမှု	၅၀၀၀၀၀
	(မွန်မင်းသစ်စားသောက်ဆိုင်နှင့်ရေကူးကန်လုပ်ငန်း)	
၅၁၆၂။	ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်အိအိဝင်း၊	၅၀၀၀၀၀
	(သမီး)မရွှေသဠာထက်၊ (သား)မောင်ပြည့်ဘုန်းလျှန်မိသားစုကောင်းမှု	
၅၁၆၃။	Golden TMH International Co.,Ltd	၅၀၀၀၀၀
	မိသားစုကောင်းမှု	
၅၁၆၄။	ဒေါ်ငွေးငွေးသူ	၅၀၀၀၀၀
	(ထားဝယ်မြေသတ္တုတူးဖော်ရေးကုမ္ပဏီ) မိသားစုကောင်းမှု	
၅၁၆၅။	ဒေါ်မာမာတင် မိသားစုကောင်းမှု	၅၀၀၀၀၀
၅၁၆၆။	Kyue Yint Thwe Co.,Ltd မိသားစုကောင်းမှု	၅၀၀၀၀၀
၅၁၆၇။	ဦးသိန်းအောင်(အောင်သီရိသစ်ရောင်းဝယ်ရေးလုပ်ငန်း)	၅၀၀၀၀၀
	မိသားစုကောင်းမှု	
၅၁၆၈။	ဦးခင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်ဌေး၊	၅၀၀၀၀၀
	ဦးအာကာယုမောင်မိသားစုကောင်းမှု	
၅၁၆၉။	ဖခင် ဦးအရိယအားအမှူးထား၍	၅၀၀၀၀၀
	မိခင်ကြီး(ဒေါ်ခင်လှ)အားရည်စူးပြီး သား၊ သမီး၊	
	မြေးများတစ်စု ကောင်းမှု	
၅၁၇၀။	Mr. Lei Tok Seng နှင့်ဇနီး Mrs Lou Pou KoK	၃,၈၃၅,၀၀
	(သမီး) Lei Weng Kio မိသားစုကောင်းမှု	
၅၁၇၁။	အင်းဝဘဏ် Customer (၆)ဦးမိသားစုများကောင်းမှု	၃,၀၀၀,၀၀
၅၁၇၂။	ဦးမျိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း	၃,၀၀၀,၀၀
	မိသားစုကောင်းမှု	
၅၁၇၃။	ဦးအေးကျော်နှင့်ဇနီး ဒေါ်ညွှန့်ကြည်	၃,၀၀၀,၀၀
	မိသားစုကောင်းမှု	
၅၁၇၄။	ပြည့်ဝေယံ Construction Co.,Ltd မိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၇၅။	ဦးစည်သူမြင့်မိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၇၆။	သူဇာထွန်းပွဲရုံလုပ်ငန်းမိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၇၇။	Genuine Force Co.,Ltd မိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၇၈။	SS Techniques Co.,Ltd မိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၇၉။	ဦးကျော်လွင်ဦးနှင့်ဇနီး ဒေါ်အေးအေးလွင်	၃,၀၀၀,၀၀
	(ကားအလှဆင်ပစ္စည်းရောင်းဝယ်ရေး) မိသားစုကောင်းမှု	
၅၁၈၀။	ဦးစံမြင့်မိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၈၁။	ဦးနေမင်းအောင်(စေတန်ကုမ္ပဏီ)	၃,၀၀၀,၀၀
	မိသားစုကောင်းမှု	
၅၁၈၂။	ဦးသန်းကြိုင်နှင့်ဇနီး ဒေါ်အိသက်မြတ်နိုး	၃,၀၀၀,၀၀
	(အောင်မြင့်ကြိုင်သတ္တုတူးဖော်ရေးလုပ်ငန်း)မိသားစုကောင်းမှု	
၅၁၈၃။	ဦးမြင့်စိန်နှင့်ဇနီး ဒေါ်မာလာကြည်မိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၈၄။	ဦးထွန်းအောင်နှင့်ဇနီး ဒေါ်မာလာမိသားစုကောင်းမှု	၃,၀၀၀,၀၀
၅၁၈၅။	ဦးခင်မောင်ညို (Big Gate Myanmar Co.,Ltd)	၃,၀၀၀,၀၀
	မိသားစုကောင်းမှု	
၅၁၈၆။	ဒေါ်ခင်ခင်ဝင်းမိသားစုကောင်းမှု	၂,၀၀၀,၀၀
	(ရွှေပြည်အောင်အဆင့်မြင့်တည်းခိုခန်းနှင့်စားသောက်ဆိုင်)	
၅၁၈၇။	ဦးသန်းထိုက်နှင့်ဇနီး ဒေါ်မော်မော်ဝင်း	၂,၀၀၀,၀၀
	မိသားစုကောင်းမှု	
၅၁၈၈။	ဦးခင်ဇော်ထွန်းနှင့်နီး ဒေါ်အေးအေးမြင့်	၂,၀၀၀,၀၀
	မိသားစုကောင်းမှု	
၅၁၈၉။	ဦးမြတ်ထွန်းနှင့်ဇနီး ဒေါ်ခေမာအောင်၊	၂,၀၀၀,၀၀
	(သမီး) မဖူးမြတ်စိန်မှန်မိသားစုကောင်းမှု	
၅၁၉၀။	မကာအိမြို့မှ စုပေါင်းကုသိုလ်ရှင်များကောင်းမှု	၂,၀၀၀,၀၀
၅၁၉၁။	ဦးရဲဝင်းထွန်းမိသားစုကောင်းမှု	၂,၀၀၀,၀၀
၅၁၉၂။	ဒေါ်လွင်လွင်အေးမိသားစုကောင်းမှု	၂,၀၀၀,၀၀
၅၁၉၃။	ဒေါ်သန်းသန်းမိသားစုကောင်းမှု	၂,၀၀၀,၀၀
၅၁၉၄။	အင်းဝဘဏ် Customer (၄)ဦး မိသားစုကောင်းမှု	၂,၀၀၀,၀၀
၅၁၉၅။	ဦးအေးသိန်းနှင့်ဇနီး ဒေါ်နာမီလုံး မိသားစုကောင်းမှု	၁,၅၀၀,၀၀
၅၁၉۶။	ဦးမြင့်ထွေးနှင့်ဇနီး ဒေါ်မိုးစန္ဒာမြင့်၊	၁,၅၀၀,၀၀
	(မိုးမခဟိုတယ်)မိသားစုကောင်းမှု	
၅၁၉۷။	ဦးစောအေးထူးနှင့် ဒေါ်သီတာအောင်မိသားစုကောင်းမှု	၁,၅၀၀,၀၀
၅၁၉၈။	မယွန်းရွှေမှုံ၊ မောင်ကောင်းမြတ်မိသားစုကောင်းမှု	၁,၅၀၀,၀၀
၅၁၉၉။	ဦးဝင်းထွန်ရှင်ဇနီး ဒေါ်သိမ့်ရည်ဝင်း၊	၁,၃၀၀,၀၀
	ဦးလင်းအောင်နှင့်ဇနီး ဒေါ်သီတာ၊	
	ဦးဌေးနိုင်နှင့်ဇနီး ဒေါ်ဝေမမတင်မိသားစုများကောင်းမှု	
၆၂၀၀။	နေပြည်တော်ရေသန့်စက်ရုံမိသားစုများကောင်းမှု	၁,၁၀၀,၀၀
၆၂၀၁။	ဦးပြည်ကျော်သူနှင့်ဇနီး ဒေါ်ဆွေဆွေအောင်၊	၁,၀၀၀,၀၀
	(သား)မောင်ပြည့်ဖြိုးသူ၊ မောင်ပြည့်ဖြိုးအောင်	
	(Boss Bird's Nest)မိသားစုကောင်းမှု	
၆၂၀၂။	ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်လေးလေးမြတ် မိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၀၃။	မအိစန္ဒာအေးမိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၀၄။	ဦးစိုးမိုးအောင်နှင့်ဇနီး ဒေါ်ချောစုထွေး မိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၀၅။	ဒေါ်ခင်မာဦးမိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၀۶။	ဒေါ်စန်းစန်းဌေးမိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၀۷။	ဦးတိုးအောင်နှင့်ဇနီး ဒေါ်နုနုရီ	၁,၀၀၀,၀၀
	(မြင်းခြံဟိုတယ်)မိသားစုကောင်းမှု	
၆၂၀۸။	ရှေ့နေကြီး ဦးလှဟန်နှင့်မိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၀۹။	ဒေါ်မြတ်သန္တာထွန်းမိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၁၀။	ဦးဘုန်းမြင့်အောင်နှင့်ဇနီး ဒေါ်ယုယုမော်	၁,၀၀၀,၀၀
	မိသားစုကောင်းမှု	
၆၂၁၁။	ဦးမျိုးသန့်နှင့်ဇနီး ဒေါ်အေးအေးသိန်း၊	၁,၀၀၀,၀၀
	(စိန်သရဖူဆန်ရောင်းဝယ်ရေး) မိသားစုကောင်းမှု	
၆၂၁၂။	ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းအေး၊	၁,၀၀၀,၀၀
	(ဘဝသစ်စက်သုံးဆီရောင်းဝယ်ရေး)မိသားစုကောင်းမှု	
၆၂၁၃။	ဦးညွှန့်ရွှေနှင့်ဇနီး ဒေါ်ခင်ဥ	၁,၀၀၀,၀၀
	(အောင်သုခစားသောက်ဆိုင်) မိသားစုကောင်းမှု	
၆၂၁၄။	ဒေါ်မေသင်းကြည်မိသားစုကောင်းမှု	၁,၀၀၀,၀၀
၆၂၁၅။	ဦးဝင်းလှိုင်၊ ဦးသက်နိုင်ဝင်း ကောင်းမှု	၁,၀၀၀,၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြီတင်လျှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၇၂၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇာဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၃၀၀ ၂၈၃၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၊ ၀၉-၂၅၅၈၂၅၁၆

အမည်ပြောင်း

ICEC International School တွင် ပညာသင်ကြားနေသော Year 4 မှ အဖ ဦးမျိုးအောင်၏သား မောင်သုတစစ်အား မောင်သုတဉာဏ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ICEC International School တွင် ပညာသင်ကြားနေသော Year 2 မှ အဖ ဦးမျိုးအောင်၏သမီး မဝတ်ယမုံသင်းအား မဝတ်ယမုံသင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကို ဟိန်း [၁၂/ကတတ(နိုင်)၀၃၁ ၉၀၁]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၄၀၉၇၅၁၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်(၄၅)၊ အခန်း(၄၀၂) ၏ အမည်ပေါက် ဒေါ်မူမူခင် [၁၂/မရက(နိုင်)၀၂၅၄၅၀] ထံမှ စာချုပ်စာတမ်းဖြင့် အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်မိုမိုသူ [၇/ရတန(နိုင်)၀၉၈ ၄၇၇]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်
ဖုန်း-၀၆၇-၃၄၀၅၇၅

"ဒဂုံမြို့သစ်မြေကွက်များဝယ်ယူလိုပါသည်"

ဒဂုံဆိပ်ကမ်း(၆၀၊ ၆၁၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၁၄၉၊ ၁၅၀၊ ၁၅၁) ရပ်ကွက်နှင့် ဒဂုံအရှေ့(၃၊ ၆၊ ၁၄၊ ၁၅၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၃၉၊ ၁၆၀)ရပ်ကွက်၊ တ/ဒဂုံ(၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၅၂၊ ၁၅၃)ရပ်ကွက်ရှိ မြေကွက်များအားပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

Ph:09-798891857, 09-5134630

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် ၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၂၃ ရက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ၁၈၀၀၀၀– ၂၀၀၀–၁၉၀၀၀၀ တန်း၊ ဒုတိယလက်ထောက်ဦးစီးမှူး ရာထူး (၁၈)နေရာနှင့် လက်ထောက်စုံစမ်းရေးမှူးရာထူး (၁၀)နေရာတို့အတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်–
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- (ဂ) အင်္ဂလိပ်စာ/ကွန်ပျူတာ ကျွမ်းကျင်သူ ဖြစ်ရမည်။
- (ဃ) ၃၁–၈–၂၀၂၃ ရက်နေ့တွင် အသက်(၃၂)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (c) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၁–၈–၂၀၂၃ ရက်နေ့တွင် အသက်(၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ (ကော်မရှင်ရုံးမှ အမှုထမ်း ဝန်ထမ်းများအတွက် အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပေးမည်။)
- (စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
- (ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြရမည်–
- (က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်နှင့်နေရပ်
- (ဂ) မွေးနေ့သက္ကရာဇ်နှင့် အသက်
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (c) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
- (စ) ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်
- (ဆ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)

၄။ လျှောက်လွှာပုံစံကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ရုံးအမှတ်(၅၆)၊ နေပြည်တော်နှင့် ကော်မရှင်ရုံးခွဲ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်)တို့တွင် လာရောက်ထုတ်ယူနိုင်ပြီး ကော်မရှင်၏ Website ဖြစ်သော www.accm.gov.mm တွင်လည်း Download ရယူနိုင်ပါသည်။

၅။ အလုပ်လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်–
- (က) အသက်နှင့်ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း/ အခြေခံပညာအထက်တန်း အောင်လက်မှတ် (သို့မဟုတ်) အောင်မြင်ခဲ့သည့် ကျောင်း၏ ထောက်ခံစာ)
- (ခ) နှစ်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ (၁"x၁.၅၅")
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဃ) ပြင်ပဟူရှိလုပ်များအတွက် အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ
- (c) (၁)လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ လိပ်စာဖော်ပြပါ ဒေသတွင် အမှန်နေထိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာ နယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (စ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်ချက် လက်မှတ်မူရင်း (လွန်ခဲ့သော တစ်လအတွင်း)
- (ဆ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ
- (ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာ(မူရင်း/မိတ္တူ)

၆။ လျှောက်လွှာများကို ၂၆–၉–၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ရုံးအမှတ်(၅၆)၊ နေပြည်တော်နှင့် ကော်မရှင်ရုံးခွဲ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်)သို့ လူကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားဖြစ်စေ၊ စာတိုက်မှဖြစ်စေ ရုံးချိန်အတွင်း အရောက်လေးပို့ လျှောက်ထားရမည်။ (သတ်မှတ်ရက်ထက်ကျော်လွန် ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို (လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။)

၇။ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ မေးခွန်းလွှာတို့ပါဝင်သည့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ကော်မရှင်ရုံး(နေပြည်တော်)နှင့် ကော်မရှင်ရုံးခွဲ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်)တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး လာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ်နှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းတို့အား တစ်ပါတည်း တင်ပြရမည်။ ဖြေဆိုမည့်နေ့ရက်အား ထပ်မံအကြောင်းကြားပါမည်။

၈။ ဖြေဆိုခွင့်ကတ်ပြား(ခုံအမှတ်)ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်နှင့်ကော်မရှင်ရုံးခွဲ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်)တို့၌ ရေးဖြေစာမေးပွဲဖြေဆိုမည့် နေ့ရက်မတိုင်မီ (၃)ရက်အလိုတွင် စတင်ထုတ်ပေးမည်ဖြစ်၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ Website ဖြစ်သော www.accm.gov.mm ၊ ACC Myanmar Facebook Page နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာပေးထားမည်ဖြစ်ပါသည်။ စစ်ဆေးမည့်နေ့ရက်များအား ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၄၈၈ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်)၏ ဖုန်းနံပါတ် ၀၁၇–၅၃၂၆၀၈ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(မန္တလေး)၏ ဖုန်းနံပါတ် ၀၂–၄၀၅၆၀၇၉ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(တောင်ကြီး)၏ ဖုန်းနံပါတ် ၀၈၁–၂၁၂၂၂၇၅၊ ၀၈၁–၂၁၂၂၂၇၆ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(မော်လမြိုင်)၏ ဖုန်းနံပါတ် ၀၅၇–၂၀၂၇၈၆၉ သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပတ်စ်ပို့ပျောက်

နေပြည်တော်၊ ဥတ္တသီရိမြို့နယ်၊ ဇဝနသိန္ဓိရပ်ကွက်၊ အမှတ် (၃–၅၃၃၀)နေ (၁၁)ဦးချစ်ခိုင်၏သား ကျွန်တော် မောင်ဝင်းတိုး [၁၃/လရန (နိုင်) ၀၁၂၃၄၄]၏ ယခင်နိုင်ငံကူးလက်မှတ် (MC-436521)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

၀၉–၄၃၁၄၂၄၀၄

ပြင်ဆင်ဖတ်ရှုပါရန်

(၅–၈–၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၃)ပါ အထက်တန်းရှေ့နေ ဦးဟိန်းစိုး + ၁ ၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာပါ (၂)ခန်းတွဲ (၅) ထပ်တိုက်၏ ဒုတိယထပ် (B ခြမ်း) အစား (**A ခြမ်း**) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ SCHOOL CITY ကိုယ်ပိုင်အလယ်တန်းကျောင်းမှ Grade-2 တွင် တက်ရောက်နေသော မောင်ဟိန်းသီဟဇော်၏ ဖခင်အမည်မှန်မှာ ဦးမြမင်းအောင် (ခ) ဦးမြမင်းမောင် [၁၄/ဒဒရ (နိုင်) ၁၄၃၁၂၇]သည် တစ်ဦးတည်းဖြစ်ပါသည်။

ဦးမြမင်းအောင် (ခ)
ဦးမြမင်းမောင်

ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၀– ၈–၂၀၂၃) ရက်နေ့ထုတ် ကြေးမုံ သတင်းစာ၊ စာမျက်နှာ (၂၃)ပါဒေါ်သီတာဝင်း(အထက်တန်းရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းပါ အမှတ် (L-32)ကို (L-321)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ဖြစ်ပါသည်။

"အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ် (၁၈)၊ ၅–လွှာ (ဘီ)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တိုးတိုးမင်း (၁၁) ဦးအုန်းမင်း [၁၂/မဂတ (နိုင်)၀၆၃စ၃၆] ကိုင်ဆောင်သူအား ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ် (၈၀၁)နေ ဦးကျော်စိုး (၁၁) ဦးဘသန်း [၁၂/အစန(နိုင်)၀၅၄၇၆၂] MME-၅စင၁၀၇] ကိုင်ဆောင်သူမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် (၁၅–၈–၂၀၂၃) ရက်နေ့၌ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၆၇၆၀/ ၂၀၂၃)ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တိုးတိုးမင်းမှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တိုးတိုးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်–၄၈၄၃၀)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၇၇၅၉၁၇၅၅၊ ၀၉–၄၅၂၄၆၃၀၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ(၁၇)လမ်း၊ အမှတ်၁၁၃၇/က၊ ပထမထပ် (၂)လွှာ၊ အကျယ် အဝန်း (၁၈ပေx၅၅ပေ)ရှိ တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးအောင်မျိုး [၉/ဝတန(နိုင်)၂၀၀ဖ၁၇] နှင့် ဦးဖြိုးကိုကိုဝင်း [၁၂/သဃက(နိုင်)၁၈၁၁၁စ]ကိုင်ဆောင်သူ တို့ထံမှ ကျွန်မ ဒေါ်စိုးစိုးအောင်[၁၂/ဗဟန(နိုင်)၀၃စစ၃စ]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိုးစိုးအောင်[၁၂/ဗဟန(နိုင်)၀၃စစ၃စ]
ဖုန်း–၀၉–၄၄၃၀၅၇၇ဖ၈၂၊ ၀၉–၄၃၁၁၁၄၄၅၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သန်း(KTN-၁၁၀၀၄၄) ကိုင်ဆောင်သူ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄/တောင်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ (၈)လမ်း၊ မြေကွက်အမှတ်(၇၂၀/က+ခ) ဟု ခေါ်တွင်သော မြေဧရိယာ(အလျား ၄၀'x အနံ ၆၀')ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် (၁၆–၅–၂၀၂၂) ရက်စွဲပါ မြေငှားစာချုပ်အမှတ် (သကတ/ဂရန်မိတ္တူ– ၂၅/၂၀၂၃)ဖြင့် ဦးဇော်ဝင်း [၁၂/သကတ(နိုင်)၀၇၁၆ဖ၆]နှင့် ဦးမျိုးအောင်(TKA-၀၇၆၀၄၄) ကိုင်ဆောင်သူတို့မှ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်အဖြစ် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ် (၃)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်စန္ဒာထွန်း [၁၂/ရပသ(နိုင်) ၀၃စ၆၄၂]မှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုစကားကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်နှင့် နေအိမ်တို့အား အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ဒေါ်စန္ဒာထွန်းထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါက အဆိုပါအရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးအောင်သန်း
(KTN-၁၁၀၀၄၄)

လွှဲအပ်ညွှန်ကြားချက်များအရ –
ဦးအောင်နိုင်စိုး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၈၂)(၂၉–၄–၂၀၁၄)
အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၄၅၇၂၉၃၄၄၊ ၀၉–၇၉၈၁၄၃၂၂၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

